# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၁၂)ရက် ၊ အင်္ဂါနေ့ ၊ (25-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၂၄**

အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

**စာမျက်နှာ ၁၈ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တပ်မတော်များကို ဖွဲ့စည်းတည်ထောင်ထားကြသည်။ သို့ရာတွင် တပ်မတော်ပေါ်ပေါက်လာပုံနှင့်ခံယူချက်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပေ။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်ဖြစ်သည်။ ပြည်သူနှင့်အတူ နယ်ချဲ့ဖက်ဆစ်တို့ကို တော်လှန်တိုက်ပွဲများဆင်နွှဲ၍ ကောင်းမြတ်သောအစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းကာ နိုင်ငံတော်ကို ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ် ၈၀ ပြည့်မြောက်သို့ ရောက်ရှိပြီဖြစ်သည်။

တပ်မတော်သည် ပြီးခဲ့သည့် အတိတ်ကာလများတွင် နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတို့ မညည်းမညူလုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုပစ္စုပ္ပန်ကာလတွင်လည်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ လွတ်လပ်၍ တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဖြစ်ပေါ်လာရေးကို ဦးတည်ကြိုးပမ်းလျက်ရှိသည်။ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှသည် တပ်မတော်အတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ကောင်းကျိုးဖြစ်ထွန်းစေရန် ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့်စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို တပ်မတော်အနေဖြင့် နှိမ်နင်းခဲ့ရသည့်အပြင် ရှမ်းပြည်နယ်တွင် တရုတ်ဖြူကူမင်တန်များ၏ ကျူးကျော်မှုနှင့် ရခိုင်ပြည်နယ်တွင် မူဂျာဟစ်များ၏သောင်းကျန်းမှုစသည့် ပြည်ပကျူးကျော်မှုအန္တရာယ်များကိုလည်း အချုပ်အခြာအာဏာနှင့်ဆိုင်သော အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စွန့်လွှတ်စွန့်စားသောစိတ်နှင့် ကာကွယ်နှိမ်နင်းခဲ့ရသည်။ ထို့ပြင် ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းတွင် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှုနှင့် ၂၀၂၀ ပြည့်နှစ် နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန်ကြိုးပမ်းမှု စသောယန္တရားကြီးမားသောအရေးကိစ္စများ ကြုံတွေ့ခဲ့ရသောအချိန်များတွင်လည်း နိုင်ငံတော်အတွက် ရှေ့တန်းက မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူ၏ အကျိုးစီးပွားကိုအစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးလာမည့်ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက်ပေးခဲ့သကဲ့သို့ အနာဂတ်ကာလများတွင်လည်း ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။

မြန်မာ့တပ်မတော်သည် သမိုင်းအစဉ်အလာကြီးမားခဲ့ပြီး နိုင်ငံတော်တွင် အရေးကြုံတိုင်း ရှေ့မှရပ်တည်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်၏ အရေးအရာမှန်သမျှတို့ကို တပ်မတော်က မည်သည့်ခေတ်၊ မည်သည့်အစိုးရလက်ထက်တွင်ဖြစ်စေ ရင်ဆိုင်ထမ်းဆောင်ခဲ့သည်။ သို့ဖြစ်ရာ လွတ်လပ်ရေးနှင့်အတူ သန္ဓေတည်ပေါက်ဖွားခဲ့သော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များသာမက ပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့ပါကလည်း စွမ်းစွမ်းတမံကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။



## မဟာလောကရန်နှိမ်အောင်တော်မူမြတ်စွာဘုရား (၃၁)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

မန္တလေး မတ် ၂၄

သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နှိမ်အောင်တော်မူမြတ်စွာဘုရားသက်တော် ၁၄၂ နှစ်ပြည့်ကို ရည်မှန်း၍ ဘုရားအမှူးပြုသောဆရာတော်၊သံဃာတော် ၁၄၃ ပါးတို့အား (၃၁)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နှိမ် အောင်တော်မူမြတ်စွာဘုရားပရိဝုဏ်တွင် မတ် ၂၃ ရက် မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ မဟာလောကရန်နှိမ် အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မိုးကောင်းတိုက် သုံးထပ်စာချကျောင်းဆရာတော် ဘဒ္ဒန္တ ဝိဓူရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် မဟာလောကရန်နှိမ် အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် ၁၄၃ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။

မဟာလောကရန်နှိမ် မြတ်စွာဘုရားစေတီတော်ကို သီပေါဘုရင်မင်းမြတ်က သက္ကရာဇ် ၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၃ ရက်တွင် သံတောင်တစ်တောင်လျှင် တစ်ပေခွဲရှိပြီး သံခုနစ်တောင်ထား၍ ခုနစ်ရက်ဖြင့် အပြီးတည်ထားကိုးကွယ်ခဲ့ကြောင်း၊ တပေါင်းလဆန်း ၁၁ ရက်တွင် ရွှေထီးအထွတ်တင်လှူတော်မူခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## မော်လိုက်ခရိုင်တွင် စားတော်ပဲကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၁၂ တင်းထွက်ရှိ

မော်လိုက် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် စားတော်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၃၉၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၉၂ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၂၃၉၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲက ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေအဆင်ပြေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် စားတော်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် စားတော်ပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ညိုကျေးရွာအုပ်စု တောင်ညိုကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က တောင်ညိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရခြင်းရ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၆ သိန်း ၉၅ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်ညိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကချင်ပြည်နယ် ဟိုပင်မြို့နေ ဒေါ်လှလှကျင် မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ရွှေဘိုခရိုင်တွင် ထောပတ်ပဲ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၈ ဒသမ ၈၂ တင်းထွက်ရှိ



**ရွှေဘို မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ထောပတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၈၂ တင်းထွက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၄၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၄၁၄၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ထောပတ်ပဲစိုက်ခင်းတွေ အခုလက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲကို ဆောင်းရာသီမှာ စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ ထောပတ်ပဲစိုက်ပျိုးတဲ့တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၁၉ ကေ၊ ခင်ဦးမြို့နယ်တွင် ၇၁၁ ကေ၊ ဝက်လက်မြို့နယ်တွင် ၁၈၉၆ ကေနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ကေ စုစုပေါင်း ၄၁၄၁ ကေတို့ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် နမ့်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**လင်းခေး မတ် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် နမ့်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နမ့်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်တင်ကျေးရွာ၌ အရှည်ပေ ၈၄၀၊ အကျယ် ကိုးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၉၇ သန်း စုစုပေါင်း ၁၈ ဒသမ ၉၇ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် မတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အေးသူ

# ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့်ဒေသထွက် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျောင်းကုန်း မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကန်စွန်းဥများဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ယခုလက်ရှိကန်စွန်းဥများပေါ်နေချိန်ဖြစ်ပြီး ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''လက်ရှိ ဒေသခံတောင်သူတွေစိုက်ထားတဲ့ကန်စွန်းဥတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလိုကန်စွန်းဥတွေပေါ်နေတဲ့အချိန်မှာ အရောင်းအဝယ်ကောင်းမွန်နေတာကြောင့် ကန်စွန်းဥစိုက်တဲ့တောင်သူတွေကော လယ်ယာလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုလက်ရှိမှာလဲ ကန်စွန်းဥတွေကို ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုတွေများနေလို့ အရောင်းအဝယ်ကောင်းနေပါတယ်''ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင်အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါကန်စွန်းဥကို တောင်သူတစ်ဦးလျှင် ကန်စွန်းဥတစ်ကေမှ ငါးကေစသဖြင့်စိုက်ပျိုးကြပြီး ကန်စွန်းဥတစ်ကေလျှင် စိုက်ပျိုးစရိတ်ငွေကျပ် ၃၅၀၀၀၀ ထိကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီးအလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိရရှိကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေဩဇာ (အပိုင်း - ၃၁)

**ပါမောက္ခကိုကိုအောင်**



အပင်၏ အစာများဖြစ်ကြသော ဒြပ်စင်များကို အခြားသောဒြပ်စင်များနှင့် ပေါင်းစပ်နေသည့် ဒြပ်ပေါင်းများအဖြစ် မြေဆီလွှာထဲသို့ ချထားပေးကြရသည့်အတွက် အဆိုပါဒြပ်ပေါင်းများကို မြေဩဇာပို့သည့် ဒြပ်ပေါင်းများဟု ခေါ်ဆိုသုံးနှုန်းလေ့ရှိကြသည်။ ဥပမာအားဖြင့် ဆိုဒီယမ်နိုက်ထရိတ်တွင် ဆိုဒီယမ်၊ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်တို့ သုံးမျိုးပါဝင်ကြသည်။

အဆိုပါ ဒြပ်ပေါင်းတွင် နိုက်ထရိုဂျင်၏ ပမာဏက ခြောက်ပုံပုံလျှင် တစ်ပုံခန့်သာ ရှိသည်။ ထို့ကြောင့်ပင် ဆိုဒီယမ်နိုက်ထရိတ် ဒြပ်ပေါင်း၌ နိုက်ထရိုဂျင်က ၁၆ ရာခိုင်နှုန်း ပါဝင်သည်ဟု မှတ်သားထားကြမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဆိုဒီယမ်နိုက်ထရိတ် ဒြပ်ပေါင်း ပေါင် ၁၀၀ ၌ နိုက်ထရိုဂျင်က ၁၆ ပေါင် ပါရှိသည်ဟု မှတ်သားရမည်ဖြစ်သည်။

များသောအားဖြင့်မူ မြေဩဇာပို့ဒြပ်ပေါင်းများကို မြေဆီလွှာထဲသို့ချမပေးမီ စနစ်တကျ ရောစပ်ကြရသည်။ ထိုကဲ့သို့ ရောစပ်ခြင်းအားဖြင့် မြေဩဇာအရောကို ရရှိနိုင်ကြမည်ဖြစ်သည်။ နိုက်ထရိုဂျင်ပါသော သွေးခြောက်၊ ဖော့စဖရတ်ပါသော အက်စစ်ဖော့စဖိတ်နှင့် ပိုတက်စီယမ်ပါသော ပိုတက်စီယမ်ကလိုရိုက်သုံးမျိုးတို့ကို ရောနှောရယူနိုင်သည်။ ဤသုံးမျိုး ရောနှောထားသော မြေဩဇာသည် အဓိကလိုအပ်သော ဒြပ်စင်သုံးမျိုးပါရှိပြီးဖြစ်သည့်အတွက် ပြီးပြည့်စုံသောမြေဩဇာဟု သတ်မှတ်နိုင်သည်။

အကယ်၍ မြေဩဇာထဲတွင် အထက်ဖော်ပြပါ ဒြပ်စင်သုံးမျိုးအနက် ဒြပ်စင်နှစ်မျိုးမျှသာ ပါရှိနေမည်ဆိုပါက မပြည့်စုံသော မြေဩဇာဟုသာ သတ်မှတ်ခံရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို ရောင်းချကြသည့် အရောင်းဆိုင်များရှိ ဓာတ်မြေဩဇာများမှာ များသောအားဖြင့် ပြည့်စုံသော မြေဩဇာများ မဟုတ်ကြပေ။

ဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချကြသူများက ရောနှောထုတ်လုပ်ထားကြသည့် မြေဩဇာပို့ ဒြပ်ပေါင်းများကို ၎င်းတို့တွင်ပါရှိသည့် အပင်စာ အမျိုးအစားအလိုက် အုပ်စုသုံးစု ခွဲခြားထားသည်။ သွေးခဲ၊ ဆိုဒီယမ် နိုက်ထရိတ်၊ သားသတ်ရုံမှ ရရှိသော အညစ်အကြေး၊ အမိုနီယမ်ဆာလဖိတ်တို့ကို နိုက်ထရိုဂျင်ပို့ ဒြပ်ပေါင်းများအဖြစ်လည်းကောင်း အက်စစ်ဖော့စဖိတ်နှင့် သံရည်ကျိုမီးဖိုမှရရှိသော ချော်တို့ကို ဖော့စဖရတ်ပို့ ဒြပ်ပေါင်းများအဖြစ် လည်းကောင်း အသုံးပြုလေ့ ရှိကြသည်။ အဆိုပါ ဒြပ်ပေါင်းအားလုံးတို့ကို အပင်များက အပင်စာအဖြစ်ဖြင့် ချက်ချင်းလက်ငင်း စုပ်ယူစားသုံးနိုင်ကြသည်။

ဓာတ်မြေဩဇာများကို ဖော်စပ်ထုတ်လုပ်ရာတွင် သတိပြုကြရမည့်အချက် နှစ်ချက်ရှိသည်။ ပထမအချက်မှာ ပေါင်းစပ်ပါဝင်ကြမည့် ဒြပ်ပေါင်းအရောသည် ခြောက်သွေ့ပြီး မှုန့်ညက်နေရမည်ဖြစ်သည်။ ဒုတိယအချက်ကမူ အစာဒြပ်စင်တို့သည် အချိုးအစားအားဖြင့် တိတိကျကျ မှန်ကန်နေရမည်ဖြစ်သည်။

မှုန့်ညက်နေသော မြေဩဇာကို ရရှိစေရန်အတွက် အမှုန့်ကြိတ်ရာတွင် စေ့စေ့စပ်စပ်သေချာစွာ လုပ်ဆောင်ပေးရန် လိုအပ်သည်။ မြေဩဇာခြောက်သွေ့နေစေရန်အတွက်ကိုမူ ခြောက်သွေ့နေသည့် သဲနှင့်နုန်းမြေအခြောက်တို့ကို ဖြည့်စွက်ထည့်သွင်းပေးရမည်ဖြစ်သည်။

အတွေ့အကြုံရင့်ကျက်သော စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့က ခြောက်သွေ့မာကြောသော ဓာတ်မြေဩဇာများကိုသာလျှင် ရယူသုံးစွဲလိုကြသည်။ အကြောင်းကမူ စွတ်စိုနေသော မြေဩဇာများက ပို၍ ခဲနေတတ်ကြပြီး ထိုကဲ့သို့သော အစုအခဲများက မြေဩဇာကြဲချပေးသော ကိရိယာတွင် ပိတ်ဆို့နေတတ်သည့်အတွက် အချိန်ကြန့်ကြာကာ အလုပ်မပြီး ခရီးမတွင်ဘဲ ဖြစ်တတ်သောကြောင့်ပင်ဖြစ်သည်။

နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့် ပိုတက်စီယမ်တို့၏ အချိုးအစားကို မှန်ကန်စေရန်အတွက်ဓာတ်မြေဩဇာထုတ်လုပ်ရာတွင် အသုံးပြုကြသည့် ဒြပ်ပေါင်းများ၏ပမာဏကို အချိုးအစားမှန်ကန်အောင် ဂရုတစိုက် ပြုပြင်တည့်မတ်ပေးရမည်ဖြစ်သည်။ ဓာတ်မြေဩဇာအရောတွင် ပိုတက်စီယမ်၊ ဖော့စဖရတ်တို့က ဆတူပါရှိတတ်ပြီး နိုက်ထရိုဂျင်ကမူ ထက်ဝက်ခန့် သို့တည်းမဟုတ် လေးပုံတစ်ပုံခန့်မျှသာ ပါရှိတတ်သည်။

အပင်များက နိုက်ထရိုဂျင်ဓာတ်ကို လွယ်လင့်တကူ ရရှိနိုင်ကြခြင်းကြောင့်လည်းကောင်း နိုက်ထရိုဂျင်ဓာတ်များလွန်းလျှင် အပင်များ၌ မလိုလားအပ်သော ဖြစ်ရပ်များက ရက်တိုတိုအတွင်းမှာပင်လျင်မြန်စွာ ပေါ်ပေါက်လာတတ်သောကြောင့် လည်းကောင်း နိုက်ထရိုဂျင်ဓာတ်ပါရှိသည့် မြေဩဇာကို ပမာဏအနည်းငယ်မျှသာ ထည့်သွင်းရောစပ်ပေးလေ့ရှိကြသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းဈေးကွက်တွင် မြေဩဇာများကို ဈေးကွက်တင် ရောင်းချကြရာ၌ ကုန်အမှတ်တံဆိပ်ကို ရိုက်နှိပ်၍လည်းကောင်း၊ အက္ခရာ အမှတ်အသားကို ရိုက်နှိပ်၍လည်းကောင်း၊ ဂဏန်းအမှတ်အသားကို ရိုက်နှိပ်၍လည်းကောင်း ရောင်းချကြလေ့ရှိသည်။ ၎င်းတို့ရောင်းချကြသော ဓာတ်မြေဩဇာများတွင် ပါဝင်နေကြသည့် နိုက်ထရိုဂျင်ဒြပ်စင်၊ ဖော့စဖရတ်ဒြပ်စင်နှင့် ပိုတက်စီယမ်ဒြပ်စင်တို့၏ ပါဝင်မှုအချိုးအစားကို ဓာတ်မြေဩဇာအိတ်ခွံနှင့် ပုံးခွံများပေါ်၌ ရေးသားရိုက်နှိပ်ဖော်ပြထားလေ့ရှိကြသည်။

ထိုကဲ့သို့ ဖော်ပြထားသော အချက်အလက်များကို အပြည့်အစုံ သိရှိနားလည်နိုင်ရန်အတွက်မူ ဓာတ်မြေဩဇာတွင်ပါရှိသည့် ပစ္စည်းများ၏ ဓာတ်သဘာဝအရ ပေါင်းစပ်နေပုံများကို အခြေခံကျကျ နားလည်ထားကြရမည်ဖြစ်သည်။ သာမန်အရပ်သူ၊ အရပ်သားများနှင့် စိုက်ပျိုးရေးသမားများ၊ တောင်သူလယ်သမားများအဖို့မူ နိုက်ထရိုဂျင်၊ ဖော့စဖရတ်နှင့် ပိုတက်စီယမ်တို့ အချိုးအဆကို အစဉ်အတိုင်း ဖော်ပြထားသည်ဆိုသည်ကို ယေဘုယျသဘောမျှ သိရှိထားလျှင်ပင် လုံလောက်နေပြီဖြစ်သည်။

ဂဏန်းစဉ်အလိုက်ဖော်ပြရာတွင် ရှေ့ဆုံးဂဏန်းက နိုက်ထရိုဂျင်၏ ရာခိုင်နှုန်း၊ အလယ်ဂဏန်းက ဖော့စဖော့ရပ်စ်၏ ရာခိုင်နှုန်း၊ နောက်ဆုံးဂဏန်းက ပိုတက်စီယမ်၏ ရာခိုင်နှုန်းဖြစ်သည်ဟု သိနားလည်ထားခြင်းက စိုက်ပျိုးရေးသမားတို့အတွက် လုံလောက်နေပြီဖြစ်သည်။

ဥပမာအားဖြင့် ၂ - ၈ - ၁၀ ဟု ရိုက်နှိပ်ဖော်ပြထားသော မြေဩဇာတွင် နိုက်ထရိုဂျင်က နှစ်ရာခိုင်နှုန်း၊ ဖော့စဖော့ရစ်အက်စစ်က ရှစ် ရာခိုင်နှုန်းနှင့် ပိုတက်က ၁၀ ရာခိုင်နှုန်း ပါဝင်သည်ကိုသိရှိပြီးဖြစ်ရမည်။ များသောအားဖြင့် စိုက်ပျိုးလေ့ရှိကြသော သီးနှံပင်များအတွက် မြေဩဇာရောစပ်မှု အချိုးအစားများကို အောက်ပါဇယားတွင် ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်ပေသည်။

| | | | |
|---|---|---|---|
| ပဲမျိုး | ၁ | ၈ | ၁၀ |
| စပါး | ၃ | ၈ | ၅ |
| ဥယျာဉ်သီးနှံ | ၄ | ၈ | ၁၀ |
| မြက်မျိုး | ၃ | ၆ | ၉ |
| သစ်သီးဝလံ | ၂ | ၅ | ၁၀ |

**❖မြေဩဇာပို့ဒြပ်ပေါင်းများကို မြေဆီလွှာထဲသို့ချမပေးမီ စနစ်တကျ ရောစပ်ကြရသည်။ ထိုကဲ့သို့ ရောစပ်ခြင်းအားဖြင့် မြေဩဇာအရောကို ရရှိနိုင်ကြမည်ဖြစ်သည်။ နိုက်ထရိုဂျင်ပါသော သွေးခြောက်၊ ဖော့စဖရတ်ပါသော အက်စစ်ဖော့စဖိတ်နှင့် ပိုတက်စီယမ်ပါသော ပိုတက်စီယမ်ကလိုရိုက် သုံးမျိုးတို့ကို ရောနှောရယူနိုင်သည်။ ဤသုံးမျိုး ရောနှောထားသောမြေဩဇာသည် အဓိကလိုအပ်သော ဒြပ်စင်သုံးမျိုးပါရှိပြီးဖြစ်သည့်အတွက် ပြီးပြည့်စုံသောမြေဩဇာဟု သတ်မှတ်နိုင်သည်။ ❖**

## နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် ဆန်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဇမ္ဗူသီရိ မတ် ၂၄

ဇေယျာဝတီတိုင်းဒေသကြီး ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇမ္ဗူသီရိမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဇမ္ဗူသီရိမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ဇမ္ဗူသီရိမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက် ၉၀ ဆန် အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရက် ၉၀ ဆန်တွေ အဝယ်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေ များများတင်ပို့ ရောင်းချအားရှိလာပေမဲ့ ဆန်ဈေးက ငြိမ်နေပါတယ်။ ဇမ္ဗူသီရိမြို့နယ်ကနေ ပြီးခဲ့တဲ့တစ်လအတွင်း ရက် ၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်ဘက်က အဓိက ဝယ်ယူအား များခဲ့ပါတယ်"ဟု ဒေါ်မိုးမိုးက ပြောပြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် ရက် ၉၀ ဆန်များကို စနစ်တကျထုပ်ပိုး၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ရက် ၉၀ ဆန် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဆန်များ ဝယ်ယူအား ကောင်းလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပုသိမ်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၁၄၉၇ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုသိမ် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၅၁၄၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၄၉၂၈၈ ဧကထိ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၅၁၄၉၇ ဧကထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပြီး နွေစပါး လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါးဧက ၄၉၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာမှာ လက်ရှိ စပါးဧက ၅၁၀၀၀ ကျော်ထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ နွေစပါးတွေ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့သွင်းအားစုတွေ၊ စိုက်ပျိုးရေးနည်းစနစ်တွေနဲ့ ဓာတ်မြေဩဇာတွေ စနစ်တကျ သုံးစွဲတတ်စေဖို့အတွက် တောင်သူ အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် စိုက်ပျိုးပြီးစီးသွားပြီဖြစ်သော နွေစပါး ၅၁၄၉၇ ဧကတွင် GW-1၊ ဧြာသုခ ၊ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ၊ GW-11 စသည့် စပါးအမျိုးအစားများနှင့် ဒေသနှင့်ကိုက်ညီသော အခြားစပါး အမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ကဝမြို့နယ် အဒူးကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**ကဝ မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် အဒူးကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက အဒူးကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဂဝံလမ်း အရှည်ပေ ၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန် ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်ထံမှ သိရသည်။ **သုတ**

## ရွှေမြန်မာတို့ ကြိုးစားစို့

\- သွေးစည်းပါ တို့လူမျိုး
ရှေ့သို့တိုး ကြိုးစားမယ်၊
မြန်မာပြည် အနာဂတ်
မှတ်ကျောက်တင်ကွယ်၊
တိုးတက်ရေး ပန်းတိုင်ရယ်
ရောက်ဖို့ရွယ် အားမာန်ထား၊
တိုးတက်ရာ ဦးတည်ချက်ဖြင့်
ဆောင်ရွက်စို့လား။

\- ရွှေမြန်မာ နှလုံးသားက
အမုန်းတရား ကင်းစင်ကွာ၊
ချစ်ခင်မည် နေထိုင်ကြ
စံပြညီညာ၊
အခက်ခဲ ဖြေရှင်းကာ
တို့ပြည်ရွာ ကောင်းဖို့ရေး၊
အဖျက်ရန် ရင်ဆိုင်ခွင်းပါလို့
သန့်ရှင်းစို့လေး။

\- မြန်မာပြည် ထာဝရအေး
အေးချမ်းရေး ဖော်ဆောင်နေ၊
ပြည်သူတွေ အတူလက်တွဲ
ဆင်နွှဲစို့လေ၊
တိုင်းပြည်အတွက် အားအင်တွေ
ဖြည့်တင်းစေ လုပ်ငန်းများ၊
မြန်မာသည် ကမ္ဘာလွှမ်းဖို့
ကြိုးပမ်းစို့လား။

\- လိုက်နာလေ စည်းကမ်းအား
ဖော်ဆောင်သွား စည်းလုံးပို၊
နိုင်ငံတော် လမ်းစဉ်စနစ်
ထုဆစ်ကြိုဆို၊
သွေးမကွဲဘဲ နိုင်ငံကို
ချစ်စေလို သတိသုံး၊
ရွှေမြန်မာ ဂုဏ်ရှိန်တိုးဖို့
ကြိုးစားလို့ရှန်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

## နိုင်ငံတကာ သတင်းများ

# ကန်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ကို ရန်စမှုအဖြစ် ဂရင်းလန်းဝန်ကြီးချုပ် ဝေဖန်

**နယူးယောက် မတ် ၂၄**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒိန်းမတ်နယ်မြေဖြစ်သည့် ဂရင်းလန်းကျွန်းသို့ အမေရိကန်အစိုးရအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လာရောက်မည့်အစီအစဉ်ကို ဂရင်းလန်းကျွန်းခေါင်းဆောင်များက ယနေ့တွင် ဝေဖန်ခဲ့ကြောင်း သိရသည်။

အမေရိကန် ဒုတိယသမ္မတဂျေဒီဗင့်စ်၏ဇနီး ယူရှာဗင့်စ် ဦးဆောင်၍ အိမ်ဖြူတော်အစိုးရလုံခြုံရေးအကြံပေး မိုက်ခ်ဝေါ့ဇ်နှင့် စွမ်းအင်ဝန်ကြီး ခရစ်ရိုက်တို့ပါဝင်သော အမေရိကန် ကိုယ်စားလှယ်အဖွဲ့သည် ယခုရက်သတ္တပတ်အတွင်း ဂရင်းလန်းကျွန်းသို့ သွားရောက်ရန် စီစဉ်ထားသည်။

သို့ရာတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ အဆိုပါခရီးစဉ်ကို ရန်စမှုတစ်ရပ်အဖြစ် ဂရင်းလန်းကျွန်း ဝန်ကြီးချုပ် မူတီအက်ဂျ်ဒီက ဝေဖန်ထားသည်။

ဂရင်းလန်းကျွန်းအား အမေရိကန်နိုင်ငံ အချုပ်အခြာအောက်သို့ ထည့်သွင်းရေးသဘောတရားကို အားပေး မြှင့်တင်လာမှုကြောင့် အမေရိကန်အစိုးရနှင့် ဒိန်းမတ်အစိုးရတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

ယူရှာဗင့်စ် ဦးဆောင်သော အမေရိကန်အစိုးရ ကိုယ်စားလှယ်အဖွဲ့သည် ဂရင်းလန်းကျွန်းခရီးစဉ်အတွင်း ၎င်းကျွန်းပေါ်ရှိ အမေရိကန်စစ်စခန်းတစ်ခုကိုလည်း ဝင်ရောက်မည်ဖြစ်သည်။

ဂရင်းလန်းကျွန်း၏ မဟာဗျူဟာမြောက် တည်နေရာနှင့် သယံဇာတပေါ်များမှုတို့သည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးကြီးကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံတစ်ရုံကို အစ္စရေးစစ်ဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်



**ဂျေရုဆလင် မတ် ၂၄**

ဂါဇာကမ်းမြောင်ဒေသရှိဆေးရုံတစ်ရုံကို အစ္စရေးစစ်ဘက်က မတ် ၂၃ ရက်တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ဟားမတ်စ်အုပ်စု နိုင်ငံရေးခေါင်းဆောင်တစ်ဦး အပါအဝင် လူ ငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ခန်ရိုနစ်မြို့၌ တည်ရှိသော နက်ဆာအမည်ရှိ ဆေးရုံတစ်ရုံကို ပစ်မှတ်ထား၍ အစ္စရေးစစ်ဘက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

နာဆာဆေးရုံ လေကြောင်းတိုက်ခိုက်မှုကို ဟားမတ်စ်အုပ်စု ထိပ်တန်းခေါင်းဆောင်တစ်ဦးအား ပစ်မှတ်ထား၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ခိုင်မာသည့်ထောက်လှမ်းရေးသတင်းအချက်အလက်များကို အခြေခံ၍ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် တိကျမှုရှိသော လက်နက်ခဲယမ်းများကို အသုံးပြုခဲ့ကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဟားမတ်စ်အုပ်စု နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အစ္စမေးလ်ဘာဟောင်း သေဆုံးခဲ့ရကြောင်း ဟားမတ်စ်အုပ်စုက အတည်ပြုထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း အစ္စရေးနိုင်ငံသည် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး သဘောတူချက်ကို ဥပေက္ခာပြု၍ ဂါဇာကမ်းမြောင်ဒေသ၌ ဝေဟင်၊ မြေပြင် ထိုးစစ်များ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများ ဆော်ဒီအာရေဗျ၌ တွေ့ဆုံဆွေးနွေး



**ရီယာ့ဒ် မတ် ၂၄**

ယူကရိန်းစစ်ပွဲအတွက် ပိုမိုကျယ်ပြန့်ခိုင်မာသော သဘောတူညီချက်တစ်ရပ် ရယူရေး ရည်ရွယ်ချက်ဖြင့် အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ နှစ်နိုင်ငံတာဝန်ရှိသူများက ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ယနေ့တွင် ဆွေးနွေးပွဲများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

ရီယာ့ဒ်မြို့ ဆွေးနွေးပွဲတွင် အမေရိကန် ကိုယ်စားလှယ်များအဖြစ် အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီ ညွှန်ကြားရေးမှူး အင်ဒရူးပိခ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝါရင့်သံတမန် မိုက်ကယ်အန်တွန်တို့ပါဝင်ခဲ့ကြသည်။

ရုရှားအစိုးရကမူ ရီယာ့ဒ်မြို့ ဆွေးနွေးပွဲများအတွက် ရုရှားအထက်လွှတ်တော် ပြည်ပရေးရာကော်မတီအကြီးအကဲ ဂရီဂိုရီ ကာရာစင်နှင့် ဖက်ဒရယ်လုံခြုံရေးဌာန ညွှန်ကြားရေးမှူး ဆာဂေးဘီဆီဒါတို့ကို စေလွှတ်ထားသည်။

ယနေ့စတင်ကျင်းပနေသည့် ရီယာ့ဒ်ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ ပင်လယ်နက်ဒေသ၌ ပင်လယ်ရေကြောင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူရေးဖြစ်ကြောင်း သိရသည်။

အမေရိကန်တာဝန်ရှိသူများသည် မတ် ၂၃ ရက်ကလည်း ယူကရိန်းတာဝန်ရှိသူများနှင့် ဆော်ဒီအာရေဗျနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် သမ္မတရာထူးရယူပြီးနောက်ပိုင်း သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် ကြိုးပမ်းနေပြီး ရုရှားသမ္မတပူတင်နှင့်လည်း ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့ ရက်သတ္တသုံးပတ်ကြာ စစ်ရေးလေ့ကျင့်မှုစတင်

**မနီလာ မတ် ၂၄**

ဖိလစ်ပိုင်ကြည်းတပ်နှင့် အမေရိကန်ကြည်းတပ်တို့မှ တပ်ဖွဲ့ဝင်များသည် ယနေ့တွင် ရက်သတ္တသုံးပတ်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း အဆင့်ဆင့်ခွဲ၍ ပြုလုပ်မည့် ဆာလက်ခ်နစ်အမည်ရှိ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ၏ ပထမအဆင့်ဖြစ်သည့် အဆိုပါ ရက်သတ္တသုံးပတ်ကြာ စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်နှင့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၅၀၀၀ ခန့် ပါဝင်နေကြောင်း ဖိလစ်ပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆာလက်ခ်နစ် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ဒုတိယအဆင့်ကို ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်ရန် ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့က စီစဉ်ထားသည်။



အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဇ်ဆက်သည် ယခုရက်သတ္တအတွင်း မနီလာမြို့သို့လာရောက်၍ ဆာလက်ခ်နစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်နေသည့် နှစ်ဖက်တပ်ဖွဲ့ဝင်များကို တွေ့ဆုံဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့သည် ဆာလက်ခ်နစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ၂၀၁၆ ခုနှစ်ကပင် စတင်ခဲ့ပြီးဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာလက်ထက်တွင် ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့ကြား လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများမှာ အားကောင်းလာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပဲရစ်မြို့တွင်းလမ်းများအနက် လမ်းပေါင်း ၅၀၀ ကို သီးသန့် လူသုံးလမ်းများအဖြစ်သတ်မှတ်ရန် မြို့နေပြည်သူများက လူထုဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်

**ပဲရစ် မတ် ၂၄**

ပဲရစ်မြို့တွင်းလမ်းများအနက် လမ်းပေါင်း ၅၀၀ ကို သီးသန့်လူသုံးလမ်းများအဖြစ် သတ်မှတ်ရန် ပဲရစ်မြို့သားများက မတ် ၂၃ ရက်က လူထုဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ခဲ့ကြကြောင်း ပြင်သစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မတ် ၂၃ ရက် လူထုဆန္ဒခံယူပွဲတွင် ပဲရစ်မြို့တွင်းလမ်းပေါင်း ၅၀၀ ကို လူသုံးလမ်းများအဖြစ်သတ်မှတ်ရန် ပဲရစ်မြို့သား ၆၅ ဒသမ ၉၆ ရာခိုင်နှုန်းက ထောက်ခံမဲပေးခဲ့ကြပြီး ၃၄ ဒသမ ၀၄ ရာခိုင်နှုန်းမှာ ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။



မတ် ၂၃ ရက် လူထုဆန္ဒခံယူပွဲရလဒ်အရ ပဲရစ်မြို့တွင်း၌ လူသုံးလမ်းအရေအတွက် ၇၀၀ နီးပါးထိ ရှိလာမည်ဖြစ်သည်။

ပဲရစ်မြို့တွင်း၌ ယာဉ်သုံးစွဲမှု လျှော့ချရေးနှင့် လေထုအရည်အသွေးမြှင့်တင်ရေး အစီအစဉ်အရ ပဲရစ်မြို့တွင်းလမ်း ၅၀၀ ကို လူသုံးလမ်းများအဖြစ်သာ သတ်မှတ်ရန် ပဲရစ်မြို့နေ ပြည်သူများက လူထုဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် ပဲရစ်မြို့၌ လက်ရှိသီးသန့်လူသုံးလမ်းအရေအတွက်မှာ မြို့တွင်းလမ်းစုစုပေါင်း၏ ၁၀ ပုံ တစ်ပုံခန့်သာရှိကြောင်း သိရသည်။

မည်သည့်လမ်းများကို လူသုံးသီးသန့်လမ်းများအဖြစ်သတ်မှတ်မည်ကို ပဲရစ်မြို့နေ ပြည်သူနှစ်သန်းကျော်တို့က တိုင်ပင်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စနေဂြိုဟ်၏ နာမည်ကျော် ဂြိုဟ်ရံခါးပတ်ကွင်းများက ကမ္ဘာဂြိုဟ်မြင်ကွင်းမှ ပျောက်ကွယ်မည်



**ဝါရှင်တန် မတ် ၂၄**

စနေဂြိုဟ်၏ နာမည်ကျော် ဂြိုဟ်ရံ ခါးပတ်ကွင်းများသည် ယနေ့မှစ၍ ကမ္ဘာဂြိုဟ်မြင်ကွင်းမှ ပျောက်ကွယ်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မတ် ၂၃ ရက်တွင် ပြောကြားသည်။

ယနေ့မှစ၍ စနေဂြိုဟ်၏ ခါးပတ်ကွင်းများ အနားစွန်းသည် ကမ္ဘာမြေနှင့် တစ်တန်းတည်း ကျရောက်မည်ဖြစ်ရာ ၎င်းခါးပတ်ကွင်းများ လူသားတို့၏မြင်ကွင်းမှ ပျောက်ကွယ်နေမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

စနေဂြိုဟ် ခါးပတ်ကွင်းများ အနားစွန်းနှင့် ကမ္ဘာမြေတစ်တန်းတည်းကျရောက်မှုကြောင့် စနေဂြိုဟ်ခါးပတ်ကွင်းများ ကမ္ဘာ့မြင်ကွင်းမှ ကွယ်ပျောက်မှုဖြစ်စဉ်သည် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား တစ်ကြိမ် ဖြစ်ပွားတတ်ကြောင်း သိရသည်။

စနေဂြိုဟ် ခါးပတ်ကွင်းများ ကမ္ဘာ့မြင်ကွင်းမှ ပျောက်ကွယ်မှုဖြစ်စဉ်သည် ၂၀၀၉ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် ဖြစ်ပွားခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

စနေဂြိုဟ်သည် နေကို လှည့်ပတ်နေစဉ် ၎င်း၏ဝင်ရိုးပေါ်၌ ၂၇ ဒီဂရီတိမ်းစောင်း၍ မှတ်မှတ်လည်လျက်ရှိရာ ကမ္ဘာမြေပေါ်မှ ကြည့်ပါက စနေဂြိုဟ် ခါးပတ်ကွင်းများ မြင်နိုင်စွမ်းမှာလည်း ပြောင်းလဲသွားတတ်သည်။

စနေဂြိုဟ်ခါးပတ်ကွင်းများသည် အချင်း ၁၇၀၀၀၀ မိုင်ထိကျယ်ပြန့်သော်လည်း ဒုမှာ ပေ ၃၀ ခန့်သာ ရှိကြောင်း သိရသည်။

**Ref : Sputnik News**


**Trs : KKO**

## ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့

**ပေကျင်း မတ် ၂၄**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် မတ် ၂၁ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ထွက်ခွာစဉ် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသအမှိုက် ကာကွယ်ရေးစနစ်များ၊ အာကာသစခန်းပြင်ပထွက်ခွာမှု အထောက်အကူပြုစနစ်များ တပ်ဆင်ပေးခဲ့ကြသည်။



ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးနှစ်ဦးတို့၏ တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာချိန်မှာ ခုနစ်နာရီကျော်ကြာမြင့်ခဲ့ကြောင်း သိရသည်။

မတ် ၂၁ ရက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုသည် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများ၏ တတိယမြောက် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးနှစ်ဦး၏ မတ် ၂၁ ရက်မစ်ရှင်ကို တီယန်ကောင်းအာကာသစခန်း၏ စက်ရုပ်လက်တံနှင့် မြေပြင်မှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က အကူအညီပေးခဲ့ကြသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး နှစ်ဦး၏ တီယန်ကောင်း အာကာသစခန်းယာဉ် မစ်ရှင်ကာလမှာ ငါးလခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အစ်ဆာအေဂိုစပေ့စ်ကုမ္ပဏီက စပက်ထရမ်ဒုံးပျံသစ်ကို ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန်စီစဉ်

**ဘာလင် မတ် ၂၄**

ဂျာမနီနိုင်ငံ အခြေစိုက် အစ်ဆာအေဂိုစပေ့စ် ကုမ္ပဏီသည် ၎င်း၏ စပက်ထရမ်အမည်ရှိ ဒုံးပျံသစ်ကို မတ် ၂၅ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

စပက်ထရမ်ဒုံးပျံကို နော်ဝေနိုင်ငံ အင်ဒိုယာအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန် အစ်ဆာအေဂိုစပေ့စ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

စပက်ထရမ်ဒုံးပျံ မစ်ရှင်သည် ၂၀၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော အင်ဒိုယာအာကာသစခန်းအတွက် ပထမဆုံး အာကာသမစ်ရှင်ဖြစ်သည်။

စပက်ထရမ်ဒုံးပျံသည် ၎င်း၏ ပထမဆုံးမစ်ရှင်တွင် မည်သည့်ဂြိုဟ်တုမျှ သယ်ဆောင်သွားမည်မဟုတ်ဘဲ ပျံသန်းမှုအချက်အလက်များကိုသာ မှတ်တမ်းရယူမည်ဖြစ်ကြောင်း အစ်ဆာအေဂိုစပေ့စ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ကိုယ်ထည်အလျား ၉၅ ပေရှိသည့် စပက်ထရမ်ဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၁၀၀၀ ရှိ ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

အစ်ဆာအေရိုစပေ့စ် ကုမ္ပဏီသည် နော်ဝေအာကာသအေဂျင်စီအတွက် အာတိတ်ကင်းထောက်ဂြိုဟ်တုများကို စပက်ထရမ်ဒုံးပျံဖြင့် ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## စမ်းသပ်ဆဲဆေးတစ်မျိုးက မျိုးဗီဇကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားသူများ၌ ရောဂါဝင်ရောက်မှုကို တားဆီးနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၂၄**

စမ်းသပ်ဆဲ ဆေးတစ်မျိုးသည် မျိုးဗီဇကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားသူများ၌ ၎င်းရောဂါဝင်ရောက်မှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

မျိုးဗီဇကြောင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသူဦးရေ ၁၀၀ လျှင်တစ်ဦးနှုန်းမှာသက်လတ်ပိုင်းအရွယ်မှာပင် အယ်ဇိုင်းမားရောဂါဖြစ်ပေါ်လာတတ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ Gantenerumab အမည်ရှိ ဆေးတစ်မျိုးသည် အယ်ဇိုင်းမားမျိုးဗီဇပါသူများ၌ ရောဂါဝင်ရောက်မှုကို တားဆီး ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါဆေးကို မျိုးဗီဇကြောင့်အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားသည့်လူနာများဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ လူနာထက်ဝက်တွင် အယ်ဇိုင်းမားရောဂါဝင်ရောက်မှုကို ကာကွယ်ပေးထားနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

Gantenerumab ဆေးသည် ဦးနှောက်အတွင်း စုစည်းနေသော ဘီတာအမိလွိုက်ခေါ် ပရိုတင်းများကို ရှင်းလင်းပေးသည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဦးနှောက်အတွင်း ဘီတာအမိလွိုက်ပရိုတင်းများ စုစည်းမှုမြင့်မားပါက အယ်ဇိုင်းမားရောဂါဖြစ်ပွားတတ်ကြောင်း ဆေးပညာရှင်များက ယူဆထားသည်။

**Ref : Russia Today**

**Trs : KKO**

## ပုံစံ-၂ ဆီးချိုရောဂါခံစားရသူများ၌ ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေ မြင့်တက်နိုင်

**လန်ဒန် မတ် ၂၄**

ပုံစံ-၂ ဆီးချိုရောဂါခံစားနေရသူများတွင် အသည်းကင်ဆာနှင့် ပန်ကရိယကင်ဆာ အပါအဝင် ကင်ဆာရောဂါတချို့ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက မတ် ၂၃ ရက်တွင် ပြောကြားသည်။

အထူးသဖြင့် အမျိုးသမီး ပုံစံ-၂ ဆီးချိုလူနာများ၌ အထက်ပါ ကင်ဆာရောဂါများဖြစ်နိုင်ခြေမှာ အမြင့်ဆုံး ရှိနေတတ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီး ပုံစံ-၂ ဆီးချိုလူနာ ၉၅၀၀၀ တို့၏ ကျန်းမာရေး မှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အမျိုးသမီး ပုံစံ-၂ ဆီးချိုလူနာများတွင် ပန်ကရိယကင်ဆာ ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် နှစ်ဆခန့် မြင့်မားနေတတ်ပြီး အသည်းကင်ဆာဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ငါးဆမြင့်တက်နေတတ်ကြောင်း သိရသည်။

အလားတူ အမျိုးသားပုံစံ-၂ ဆီးချိုလူနာများတွင်လည်း ပန်ကရိယကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၇၄ ရာခိုင်နှုန်း မြင့်မားပြီး အသည်းကင်ဆာဖြစ်နိုင်ခြေမှာလည်း လေးဆခန့် မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထိုနည်းတူ ပုံစံ-၂ ဆီးချိုလူနာ အမျိုးသားနှင့်အမျိုးသမီးများတွင် အူမကြီးကင်ဆာဖြစ်နိုင်ခြေလည်း အနည်းငယ်စီ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**






# ဂျူဗင်တပ်အသင်းက နည်းပြမော့တာကို ရာထူးမှ ထုတ်ပယ်၍ နည်းပြတူဒေါ်ကို အစားထိုးခန့်အပ်

ရောမ မတ် ၂၄

ဂျူဗင်တပ် အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ နှစ်ပွဲဆက်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် နည်းပြမော့တာကို ရာထူးမှ ထုတ်ပယ်၍ နည်းပြတူဒေါ်နှင့် အစားထိုးခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြမော့တာသည် ယခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းကို စတင်တာဝန်ယူခဲ့ပြီးနောက် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲတွင် မတ် ၉ ရက်က အတ္တလန်တာအသင်းနှင့်ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မတ် ၁၆ ရက်တွင် ကစားခဲ့သည့် ဖီအိုရင်တီးနားအသင်းနှင့် ပွဲစဉ်၌ သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ကာ အမှတ်ပေးဇယား အဆင့်(၅) နေရာထိ ကျဆင်းခဲ့ရသည့်အပြင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အင်တာမီလန်အသင်းနှင့် ရမှတ် ၁၂ မှတ်ထိ ကွာဟခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းက "အသင်းအနေနဲ့ နည်းပြမော့တာနေရာမှ အသင်း ကစားသမားဟောင်း နည်းပြတူဒေါ်ကို ခန့်အပ်ခဲ့တာပါ။ သူ့အနေနဲ့ အသင်းရဲ့ ပထမဆုံး လေ့ကျင့်ရေးအစီအစဉ်ကို မနက်ဖြန်ကစပြီး ပြုလုပ်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

အသက် ၄၆ နှစ်ရှိ နည်းပြတူဒေါ်သည် ၁၉၉၈ ခုနှစ်က ဂျူဗင်တပ်အသင်းတွင် ကစားခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က အသင်းတွင် နည်းပြပီယာလို၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် စီးရီးအေကလပ်အသင်းများဖြစ်သည့် အူဒီးနီးစ်အသင်း၊ ဗီရိုနာအသင်းနှင့်လာဇီယိုအသင်းတို့ကို တာဝန်ယူခဲ့သူဖြစ်သည်။

ဂျူဗင်တပ် အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် ၂၁ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကို ပိုင်ဆိုင်ခဲ့သော်လည်း ၁၃ ပွဲထိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် အမှတ်ပေးဇယား အဆင့်(၂၀)တွင် ရပ်တည်ခဲ့သဖြင့် ပီအက်စ်ဗီအသင်းနှင့် play-off ကစားခဲ့ရကာ ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှထွက်ခဲ့ရသည့်အပြင် ကိုပါအီတာလီယာပြိုင်ပွဲတွင်လည်း အမ်ပိုလီအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- အဲဗာတန်အသင်းက စတာလင်ပေါင် သန်း ၈၀၀ ကုန်ကျသည့် ကွင်းသစ်တည်ဆောက်ရာတွင် ပြည်သူ့ရန်ပုံငွေမှ နှစ်ရာခိုင်နှုန်းခန့်သာ သုံးစွဲခဲ့ကြောင်း ပြောကြားခဲ့ပြီး လာမည့်နှစ်တွင် အဆိုပါကွင်းသစ်သို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။
- နေးရှင်းလိဂ် play-off ပွဲစဉ်တွင် စကော့တလန်အသင်းက ဂရိအသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လာမည့်နှစ် နေးရှင်းလိဂ်ပြိုင်ပွဲတွင် လိဂ်(B) သို့ တန်းဆင်းကစားရမည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းက အင်တာမီလန်အသင်း ခံစစ်ကစားသမား ဘာစတိုနီကိုခေါ်ယူရန် အနည်းဆုံး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ထိ အသုံးပြုရမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ML

# ကွန်ကာကပ်နေးရှင်းလိဂ် ချန်ပီယံဆုကို မက္ကဆီကိုအသင်း ပထမဆုံးဆွတ်ခူးရရှိ




မက္ကဆီကိုစီးတီး မတ် ၂၄

ကွန်ကာကပ် နေးရှင်းလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် ပနားမားအသင်းနှင့် မက္ကဆီကိုအသင်းတို့ ကစားခဲ့ရာ မက္ကဆီကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပထမဆုံး ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအစ ရှစ်မိနစ်တွင် မက္ကဆီကိုအသင်းက ဂျီမီနက်ဇ်၏ ဦးဆောင်ဂိုးဖြင့် အသာစီးရယူနိုင်ခဲ့သဖြင့် ပနားမားအသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့ရကာ ပထမပိုင်းပွဲကစားချိန် ပြီးဆုံးခါနီးတွင် တိုက်စစ်မြင့် ကစားနိုင်ခဲ့မှုကြောင့် ပင်နယ်တီမှ ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ပနားမားအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူ ကစားနိုင်ခဲ့သော်လည်း မက္ကဆီကိုအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့သဖြင့် ပနားမားအသင်းခံစစ်ကြောင်း ထိန်းချုပ်ရန်ခက်ခဲခဲ့ပြီး နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် မက္ကဆီကိုအသင်းက ပင်နယ်တီပြစ်ဒဏ်မှ ဦးဆောင်ဂိုးရယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ပထမဆုံး နေးရှင်းလိဂ် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

နေးရှင်းလိဂ် တတိယလုပွဲစဉ်တွင် ကနေဒါအသင်းနှင့် အမေရိကန်အသင်းတို့ ကစားခဲ့ရာတွင် ကနေဒါအသင်းက ပွဲချိန် ၂၇ မိနစ်နှင့် ပွဲချိန် ၅၉ မိနစ်တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး အမေရိကန်အသင်းအနေဖြင့် ပွဲချိန် ၃၅ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာ ရရှိခဲ့သောကြောင့် ကနေဒါအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး တတိယဆုကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုအား ဟိုဗ်လန်း ဆွတ်ခူးရရှိ

ဖလော်ရီဒါ မတ် ၂၄

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သော Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဟိုဗ့်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်သည့် ဂျက်စတင်သောမတ်စ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဘရစ်ချ်မန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြသည်။

ဟိုဗ့်လန်းက "တကယ်ကို ခက်ခဲတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကျင်းနံပါတ် ၁၅ မှာသာ ဂျက်စတင်သောမတ်စ် Birdies ရသွားရင် သူ့အနေနဲ့ ကျွန်တော့်ကို သုံးချက်အသာနဲ့ ဦးဆောင်ခွင့်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ကံကောင်းသွားခဲ့တယ်။ နောက်ဆုံးငါးကျင်းမှာ Birdies သုံးကျင်းထိ ရရှိခဲ့တာက ကျွန်တော့်ကို ချန်ပီယံဖြစ်စေခဲ့တာပါ။ နောက်ဆုံးနေ့မှာ ရိုက်ချက်တိုင်းကို စိတ်တိုင်းကျခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်နောက်ပိုင်း ပထမဆုံး ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အတွက် အများကြီး ခွန်အားဖြစ်စေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။




Ref : RT

Trs : AZL

# ဥရောပနေးရှင်းလိဂ် ဆီမီးဖိုင်နယ်တွင် ဂျာမနီနှင့် ပေါ်တူဂီ ၊ စပိန်နှင့် ပြင်သစ်အသင်းတို့ တွေ့ဆုံ

ဘာလင် မတ် ၂၄

ဥရောပနေးရှင်းလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့အပြီးတွင် နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ဂျာမနီအသင်းနှင့် ပေါ်တူဂီအသင်း၊ စပိန်အသင်းနှင့်ပြင်သစ်အသင်းတို့ ဆီမီးဖိုင်နယ်အဆင့်တွင် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။




ကွာတားဖိုင်နယ် ပထမအကျော့တွင် ဂျာမနီအသင်းက အီတလီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း နှစ်ကျော့ပေါင်း ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့ပြီး ပြင်သစ်အသင်းက ပထမအကျော့တွင် ခရိုအေးရှားအသင်းကို နှစ်ဂိုးပြတ် ရှုံးခဲ့ကာ ဒုတိယအကျော့တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ် ရောက်ရှိခဲ့ပြီး ပြင်သစ်အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ပေါ်တူဂီအသင်း အနေဖြင့် ကွာတားဖိုင်နယ် ပထမအကျော့တွင် ဒိန်းမတ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် သုံးဂိုး နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး စပိန်အသင်းက ပထမအကျော့တွင် နယ်သာလန်အသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့တွင်လည်း သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ စပိန်အသင်းက နယ်သာလန်အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ယူ၍ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆီမီးဖိုင်နယ် အဆင့်တွင် ဂျာမနီနှင့် ပေါ်တူဂီအသင်း၊ စပိန်နှင့် ပြင်သစ်အသင်းတို့ တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်ကို လာမည့် ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# WBC မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဂျေရူစလင်က ရှိဂျီအိုကာနှင့် ထိုးသတ်မည်



တိုကျို မတ် ၂၄

WBC မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖိလစ်ပိုင်လက်ဝှေ့သမား ဂျေရူစလင်သည် စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား ရှိဂျီအိုကာနှင့် မတ် ၃၀ ရက်တွင် ဂျပန်နိုင်ငံ၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျေရူစလင်သည် လက်ရှိ ကမ္ဘာ့ချန်ပီယံခါးပတ်အား ကာကွယ်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများကို အချိန်ယူပြုလုပ်ထားသူဖြစ်ပြီး စိန်ခေါ်ပွဲအတွက်လည်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

WBC မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ၂၀၂၄ ခုနှစ် မတ် ၂၄ ရက်က ရှိဂျီအိုကာအား အနိုင်ထိုးသတ်ကာ ကမ္ဘာ့ချန်ပီယံဖြစ်လာသည့် ဂျေရူစလင်သည် ပထမအကြိမ် WBC မီနီမမ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား ကာစတယ်လိုနှင့် ထိုးသတ်ကာ အနိုင်ရရှိထားသူဖြစ်သည်။

ဂျေရူစလင်က "ကြိုးဝိုင်းထဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ရှိဂျီအိုကာရဲ့ နည်းစနစ်ပိုင်းတွေ၊ ကျွမ်းကျင်မှုအပိုင်းတွေကို ကောင်းကောင်းသိထားသလို သူ့ရဲ့အားနည်းချက်ကိုလည်း ကျွန်တော်ကောင်းကောင်း သိထားပါတယ်။ ဒါကြောင့် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ချန်ပီယံဟောင်း ရှိဂျီအိုကာက "ပထမတစ်ကြိမ်တုန်းက အမှားတချို့ကြောင့် ချန်ပီယံခါးပတ်ကို ဆုံးရှုံးခဲ့ရတယ်။ အားနည်းချက်တွေကိုပြင်ဆင်ပြီး အကောင်းဆုံး လုပ်ပြနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မက်ဒီဆင်ကီးနှင့် အန်ဒရီဗာတို့ မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

ဖလော်ရီဒါ မတ် ၂၄

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီကမ်းခြေတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်ကြသော အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးနှင့် ရုရှားတင်းနစ်မယ် အန်ဒရီဗာတို့သည် ပြိုင်ဘက်များအားရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဒီဆင်ကီးသည် ဖိလစ်ပိုင်တင်းနစ်မယ် အလက်ဇန္ဒရာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အလက်ဇန္ဒရာက (၆-၄၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့် ၁၃၄ နေရာတွင် ရပ်တည်နေသည့် အလက်ဇန္ဒရာအနေဖြင့် မက်ဆီဆင်ကီးအား အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းသည် ဖိလစ်ပိုင်တင်းနစ်လောကအတွက် ဂုဏ်ယူစရာဖြစ်သလို ဖိလစ်ပိုင်တင်းနစ်လောက၏ တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလားတူ အခြားသောပွဲစဉ်တစ်ပွဲအဖြစ် ဆယ်ကျော်သက် ရုရှားတင်းနစ်မယ် အန်ဒရီဗာသည် အမေရိကန် ဝါရင့်တင်းနစ်မယ် အန်နီစီမိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အန်နီစီမိုဗာက (၇-၆၊ ၂-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း အန်ဒရီဗာသည် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းရနေသလို ချန်ပီယံဆုဖလား နှစ်လုံးရရှိထားသည့် တင်းနစ်မယ်ဖြစ်သည့်အတွက် အန်နီစီမိုဗာအား အခက်တွေ့အောင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတကာဘောလုံးပွဲစဉ်များတွင် နိုင်ပွဲအများဆုံး ကစားသမားအဖြစ် ပေါ်တူဂီအသင်းမှ စီရော်နယ်ဒို ဂင်းနစ်မှတ်တမ်းဝင်



လစ္စဘွန်း မတ် ၂၄

ပေါ်တူဂီအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပေါ်တူဂီအသင်းနှင့်အတူ နိုင်ပွဲရရှိခဲ့ပြီးနောက် နိုင်ငံတကာ ဘောလုံးပွဲစဉ်များတွင် နိုင်ပွဲအများဆုံး ကစားသမားအဖြစ် ဂင်းနစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပေါ်တူဂီအသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပွဲချိန် ခြောက်မိနစ်တွင် ပင်နယ်တီ လွဲချော်ခဲ့သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ကာ နိုင်ပွဲရရှိခဲ့ပြီး ပေါ်တူဂီအသင်းနှင့်အတူ နိုင်ပွဲ ၁၃၂ ပွဲထိ ရှိလာခဲ့ပြီး နိုင်ငံတကာပွဲစဉ်များတွင် နိုင်ပွဲအများဆုံး ကစားသမားအဖြစ် ဂင်းနစ်စံချိန်ဝင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၃ ခုနှစ်မှစတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ကစားခဲ့ရာ ယနေ့ ပေါ်တူဂီအသင်းနှင့် ဒိန်းမတ်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၂၁၉ ပွဲ ပါဝင်ကစားခဲ့ပြီး နိုင်ပွဲ ၁၃၂ ပွဲထိ ရှိလာခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့် ဒိန်းမတ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဂင်းနစ်အဖွဲ့က ပေးအပ်သည့် နိုင်ငံတကာဘောလုံးပွဲစဉ်များတွင် နိုင်ပွဲအများဆုံး ကစားသမားဖြစ်သည့် ဂင်းနစ်မှတ်တမ်းတံဆိပ်ကို လက်ခံရယူခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

# အတ္တလန်တာအသင်းမှ ထွက်ခွာမည့် လွတ်မန်းကို ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းနှင့်အပြိုင် ခေါ်ယူရန်ကြိုးပမ်း



ပဲရစ် မတ် ၂၄

ပီအက်စ်ဂျီအသင်းက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အတ္တလန်တာအသင်းမှ ထွက်ခွာမည့် တိုက်စစ်ကစားသမား လွတ်မန်းကို ဘာစီလိုနာအသင်းနှင့်အပြိုင် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ လွတ်မန်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၃၂ ပွဲကစားခဲ့ရာ ၁၈ ဂိုးသွင်းယူနိုင်ခဲ့ပြီး ခြောက်ကြိမ် ဂိုးဖန်တီးမှုလုပ်နိုင်ခဲ့သော်လည်း အသင်းနည်းပြ ဂက်စ်ပါရီနီနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အစောပိုင်းက လွတ်မန်းအနေဖြင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားလိုသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက အတ္တလန်တာအသင်း၏ ပြောင်းရွှေ့ကြေး သတ်မှတ်မှုကို စောင့်ကြည့်လျက်ရှိပြီး နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းနှင့်အပြိုင် ကမ်းလှမ်းမှုလုပ်ဆောင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Mundodeportivo

Trs : STA

# ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ယာမယ်မှတ်တမ်းဝင်



မက်ဒရစ် မတ် ၂၄

စပိန်အသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်သည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် စပိန်အသင်းနှင့် နယ်သာလန်အသင်းတို့ပွဲစဉ်တွင် စပိန်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

စပိန်အသင်းနှင့် နယ်သာလန်အသင်းတို့ကစားခဲ့သည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ယာမယ်သည် ပွဲချိန် ၁၀၃ မိနစ်တွင် အသင်းဖော်ခံစစ်ကစားသမား ဟူဂျီဆန်၏ ဖန်တီးပေးမှုမှ တစ်ဆင့် စပိန်အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်သည် စပိန်အသင်းနှင့် နယ်သာလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၌ ပါဝင်ကစားခဲ့သည့် အချိန်တွင် ၎င်း၏အသက်မှာ ၁၇ နှစ်သာ ရှိသေးသည့်အတွက် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲသမိုင်း တစ်လျှောက်တွင် ရှုံးထွက်အဆင့် ပွဲစဉ်များ၌ အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းနှင့်အတူ စံချိန်မှတ်တမ်းကောင်းများစွာ ပိုင်ဆိုင်ခဲ့သည့် ယာမယ်သည် နောက်ပိုင်းပွဲစဉ်များတွင် စပိန်အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲ ကစားပြီးချိန်တွင် လေးဂိုးထိ သွင်းယူထားပြီး ဂိုးဖန်တီးမှု ရှစ်ကြိမ် ပြုလုပ်ထားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်

**ဆောင်းနေရောင်(အဖျော်)**

ပလတ်စတစ်ဆိုသည်မှာ Plastikos ဟုခေါ်သော ဂရိဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး ပုံသွင်းနိုင်ခြင်းဟုအဓိပ္ပာယ်ရသည်။ ပလတ်စတစ် ထုတ်လုပ်ရာတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးကဲ့သို့သော သဘာဝသယံဇာတပစ္စည်းများမှ ကုန်ကြမ်းရယူ၍ ထုတ်လုပ်ခြင်းဖြစ်သည်။ ပလတ်စတစ်ကို ၁၉၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံသား Leo Hendrik Baekeland မှ စတင်တီထွင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ခန့်မှစ၍ အဆင့်ဆင့်ပြောင်းလဲပြုပြင်ထုတ်လုပ်ခဲ့ရာ ယနေ့တွင် ပလတ်စတစ်သည် လူသားတို့၏နေ့စဉ်လူနေမှုဘဝတွင် အသုံးအဆောင်ပစ္စည်းတစ်ခုဖြစ်လာခဲ့သည်။

ယနေ့တွင် လူသားတို့သည် ပလတ်စတစ်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်သည်။ အသုံးပြုလာကြသည်မှာလည်း သယ်ရလွယ်ကူခြင်း၊ ထုပ်ပိုးရာတွင် ခိုင်ခံ့မှုရှိခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ နေရာတိုင်းတွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်း၊ စွန့်ပစ်ရန်လွယ်ကူခြင်း စသည့်အချက်များကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်ပလတ်စတစ်ထုတ်လုပ်မှုမှာ မီလီယံတန် ၃၈၀ ကျော်လွန်၍ ထုတ်လုပ်လျက်ရှိသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်အိတ်အသုံးပြုမှုသည်လည်း ခန့်မှန်းခြေအားဖြင့် ဘီလီယံ ၅၀၀ ခန့်အသုံးပြုလျက်ရှိသည်။ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် ရှစ်မီလီယံတန်ကျော်သည် ပင်လယ်သမုဒ္ဒရာများအတွင်း ပျံ့နှံ့မျောပါလျက်ရှိပြီး ၎င်းပမာဏအတိုင်း ဆက်လက်အသုံးပြုနေပါက ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာများအတွင်း ရေသတ္တဝါများထက် ပလတ်စတစ်များပိုများလာနိုင်ကြောင်း လေ့လာချက်များအရ သိရသည်။

ပလတ်စတစ် အများအပြားသုံးစွဲမှုကြောင့် ဆိုးကျိုးများ များစွာဖြစ်ပေါ်နိုင်သည်။ ၎င်းတို့မှာ မြေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် လေထုညစ်ညမ်းခြင်းတို့ဖြစ်ကြသည်။

**မြေထုညစ်ညမ်းခြင်း**

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ အတွင်း ပျက်စီးဆွေးမြည့်ရန် ကြာရှည်ခြင်း။

မြေဆီလွှာတွင် ပလတ်စတစ်များ ရောနှောနေပါက အပင်များအတွက်လိုအပ်သော အစာအာဟာရ ရရှိနိုင်မှုလျော့နည်းခြင်း။

အပင်များရှင်သန်ကြီးထွားနှုန်းကို လျော့နည်းစေနိုင်သည့်အပြင် အပင်ပေါက်နှုန်းနှင့် သဘာဝမြေဆီမြေသြဇာတို့ကိုလျော့ကျစေပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေပါသည်။

**ရေထုညစ်ညမ်းခြင်း**

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် မြစ်ချောင်းစီးဆင်းမှုနှင့် ရေလမ်းကြောင်းများကို ပိတ်ဆို့မှုဖြစ်ပွားစေပြီး ရေကြီးရေလျှံခြင်း။

ရေချိုသယံဇာတပစ္စည်းများကို ညစ်ညမ်းစေပြီး ရေအရည်အသွေး ကျဆင်းစေခြင်း။

မြစ်များချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအဏ္ဏဝါဝန်းကျင်ထဲသို့ ရောက်ရှိပြီး အဏ္ဏဝါ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်း။

ရေနေသတ္တဝါများမှ ၎င်းတို့၏ အစာအဖြစ် ထင်မှတ်၍ စားသုံးမိသဖြင့် အစာချေဖျက်မှုဆိုင်ရာပြဿနာများဖြစ်ပွားခြင်းနှင့် ရေနေသတ္တဝါများတွင် တွယ်ငြိခြင်း။

ရေနေသတ္တဝါမျိုးစိတ်များ မျိုးသုဉ်းခြင်း၊ အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်စေခြင်းနှင့် အစာကွင်းဆက်မှတစ်ဆင့် လူသားတို့၏ကျန်းမာရေးကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။

**လေထုညစ်ညမ်းခြင်း**

ပလတ်စတစ်အမှိုက်များကို မီးရှို့ဖျက်ဆီးပါက အီသိုင်လင်းအောက်ဆိုဒ်နှင့် ဒိုင်အောက်စင်များ ထွက်ရှိသဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အပြင် ၎င်းအငွေ့များကို ရှူရှိုက်မိသော လူသားတို့၏ ဆီးနှင့်သွေးများထဲသို့ရောက်ရှိကာ ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပါသည်။

ပလတ်စတစ်ပြောင်းလဲမှု အဆင့်တိုင်းတွင် ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်လျက်ရှိကြောင်း သိရပါသည်။ စွန့်ပစ်ပလတ်စတစ်



ပစ္စည်းများညစ်ညမ်းမှုကြောင့် ဆိုးကျိုးများစွာ သက်ရောက်စေနိုင်သည်။ မြေဆီလွှာပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ပြီး ရေကြီးရေလျှံခြင်း၊ အဆိပ်ငွေ့များအဖြစ် လေထဲသို့ပျံ့နှံ့စေခြင်း၊ အစားအသောက်များ အဆိပ်အတောက်ဖြစ်စေခြင်းနှင့် မြစ်ချောင်းအင်းအိုင်ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်းစေခြင်း စသည့်အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။

ပလတ်စတစ်အမျိုးမျိုးတွင်ပါရှိသည့် ခဲဓာတ်၊ အဆိပ်ဓာတ်၊ ဆိုက်ဇာနှင့် စတိုင်ရင်းဓာတ်များသည် ဓာတုပစ္စည်းများနှင့် ဆိုးကျိုးများဖြစ်၍ အပူဓာတ်နှင့်ဖြစ်စေ၊ ဆီပါသောအစားအသောက်များနှင့်ဖြစ်စေထိတွေ့မိပါက ၎င်းဓာတုပစ္စည်းများက အစားအသောက်များတွင် ဓာတ်ပြုပျော်ဝင်ကာ လူကိုများစွာအန္တရာယ်ဖြစ်စေနိုင်သည်။ ကလေးနို့ဘူးပြုလုပ်သည့် PVC ပလတ်စတစ်နှင့် ပလတ်စတစ်ရေပိုက်များတွင်လည်း နိုမာခေါ် အလွန်အဆိပ်ပြင်းသည့် ဓာတ်တစ်မျိုးပါဝင်သည်။ ထို့ပြင် မယ်လမင်း(ဖိုက်ဘာ)ပစ္စည်းများမှာလည်း အပူနှင့်ထိတွေ့ပါက ဓာတ်ပြု၍ ကျောက်ကပ်ရောဂါနှင့် ကင်ဆာရောဂါများကို ဖြစ်ပွားစေသည်။

လူသားများ အသုံးပြုနေကြသော ပလတ်စတစ်ပစ္စည်းများသည်ပျက်စီးရန် အလွန်အချိန်ကြာမြင့်တတ်သည်။ ၃၃ ရာခိုင်နှုန်းသော ပလတ်စတစ်ပစ္စည်းများ (ဥပမာ- ရေသန့်ဘူး၊ ပလတ်စတစ်အိတ်၊ တစ်ခါသုံးခွက်များနှင့် ပိုက် စသည်တို့ကို) တစ်ခါသုံးပြီးသည်နှင့် စွန့်ပစ်တတ်ကြသည်။ ပလတ်စတစ်သည် သဘာဝအတိုင်းပျက်စီးရန် အချိန်များစွာကြာတတ်သည်။ ပြိုကွဲပျက်စီးသည့်တိုင်အောင် ပလတ်စတစ်ဒြပ်ပေါင်းအပိုင်းအစငယ်များအဖြစ် ကျန်ရှိနေတတ်သည်။ ပလတ်စတစ်အသုံးအဆောင်ပစ္စည်းများမှ ထွက်ရှိလာသည့် အဆိပ်အတောက်ဓာတုပစ္စည်းများကို လူ၏တစ်ရှူးနှင့် သွေးကြောများတွင် စမ်းသပ်တွေ့ရှိနိုင်သည်။ ပလတ်စတစ်ရေသန့်ဘူးခွံများ၊ ပလတ်စတစ်အိတ်များဖြင့် ပူလောင်နေသည့်စားစရာများကိုသယ်ဆောင်သည့်အခါ ပလတ်စတစ်များမှ စိမ့်ထွက်လာသည့် ဓာတုပစ္စည်းများသည် လူ့ခန္ဓာကိုယ်ထဲကို ဝင်ရောက်နိုင်သည်။ ထိုအဆိပ်အတောက်များကြောင့် ကင်ဆာရောဂါ၊ မွေးရာပါချို့တဲ့မှုများ၊ ကိုယ်လက်အင်္ဂါမစုံမှုများ၊ ကိုယ်ခံအားကျဆင်းမှုများ၊ ဟော်မုန်းဆိုင်ရာပျက်စီးမှုများနှင့် အစာလမ်းကြောင်းတစ်လျှောက် ပျက်စီးမှုများဖြစ်နိုင်သည်။

လူတို့စွန့်ပစ်ခဲ့ကြသည့် ပလတ်စတစ်အမှိုက်များသည် မြစ်ချောင်းနှင့် ပင်လယ်ထဲထိ စီးဝင်သွားကြပြီး ရေအရင်းအမြစ်များကို ထိခိုက်စေသည်။ ပလတ်စတစ်များမှာပါဝင်သည့် ဒြပ်မှုန်သည် ရေကိုတွန်းကန်ပြီး အခြားသောဆီများနှင့် ဖုံးလွှမ်းနေသည့်အဆိပ်များကို ဆွဲငင်နိုင်သည်။ ပလတ်စတစ်အချင်းချင်းသည်လည်း စုပုံပေါင်းစည်းလာကြသည်။

ရေနေသတ္တဝါများနှင့် တောတွင်းသတ္တဝါများသည် ပလတ်စတစ်ကို အစာနှင့်မှားပြီး စားတတ်ကြသည်။ ၎င်းတို့၏သားသမီးများကိုလည်း အစာနှင့်မှားကာ ခွံ့ကျွေးတတ်ကြသည်။ ထို့ကြောင့် သတ္တဝါအများစုမှာ ပလတ်စတစ်ကြောင့် သေကျေပျက်စီးကြရသည်။

ဩစတြေးလျနိုင်ငံသုတေသီများ၏ လေ့လာမှုမှတ်တမ်းများအရ ပလတ်စတစ်တွင် phthalates ခေါ် ဓာတုပစ္စည်းတစ်မျိုးကို မကြာခဏ တွေ့ရလေ့ရှိပြီး ၎င်းဓာတုပစ္စည်းက ပလတ်စတစ်ကို တာရှည်ခံရန်၊ ပျော့ပျောင်းစေရန်၊ ကြည်လင်စေရန် ပြုလုပ်ထားကြောင်း၊ ထိုဓာတုပစ္စည်းအုပ်စုကို အစားအစာထုပ်ပိုးမှု၊ ဆေးဝါးထည့်ပစ္စည်းများ၊ ကလေးကစားစရာများနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများတွင် အသုံးပြုမှုများကြောင်း၊ ထို phthalates ဓာတုပစ္စည်းများနှင့် ထိတွေ့သူများ၌ အမျိုးအစား-၂ ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါနှင့် သွေးတိုးရောဂါများဖြစ်နိုင်ကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

အမျိုးသမီးများမျိုးပွားခြင်း၊ သန္ဓေတည်ခြင်းကို အနှောင့်အယှက်ပေးနိုင်သည့် ဓာတုပစ္စည်းများသည် ပလတ်စတစ်ဘူး၊ ခွက်များတွင် ပါဝင်မှုများကြောင်း ဂျာမနီသုတေသီများက ဆိုခဲ့ကြသည်။ ပလတ်စတစ်ပစ္စည်းထဲတွင်ပါရှိသော ဓာတုပစ္စည်း ၂၄၅၂၀ ခန့်အနက် DEHF ဒြပ်ပေါင်းက လူ့ခန္ဓာကိုယ်အတွင်းရှိဟော်မုန်းကို ကစဉ့်ကလျားဖြစ်စေနိုင်သည်။ အကျိုးဆက်အဖြစ် ခန္ဓာကိုယ်ဆဲလ်များဖွံ့ဖြိုးမှုမမှန်မကန်ဖြစ်ပွားကာ ပျက်စီးခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း သုတေသီများက သတိပေးထားသည်။ ထို့ပြင် မွေးဖွားလာသောကလေးတွင် အင်္ဂါမစုံခြင်း၊ နှလုံးရောဂါ၊ အစာအိမ်နာခြင်းများ ဖြစ်ပွားနိုင်သည်။

သွားတိုက်တံအသုံးပြုရာတွင်လည်း အချို့သူများသည် သွားတိုက်တံကို မီးဖိုတွင် အပူပေးပိုးသတ်လေ့ရှိကြသည်။ ထိုနည်းက လွန်စွာမှားယွင်းနေကြောင်း ပညာရှင်များက ဆိုသည်။ သွားတိုက်တံကို ပလတ်စတစ်၊ နိုင်လွန်၊ ဆီလီကွန်ပစ္စည်းများဖြင့် ပြုလုပ်ထားရာ ၎င်းတို့ကို မီးဖိုမှာ အပူပေးလိုက်သောအခါ Bisphenol-A (BPA) ခေါ် ဓာတုပစ္စည်းတစ်မျိုး ထွက်ရှိလာသည်။ ထိုဓာတ်က ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်သည့်အပြင် မြုံခြင်းကိုပါဖြစ်စေနိုင်ကြောင်း သိရသည်။

ပလတ်စတစ်များသည် လူသားများ၏ ကျန်းမာရေးကို လွန်စွာထိခိုက်စေနိုင်သည်ကို သတိထားကြရမည်ဖြစ်သည်။ ယနေ့တွင် လူတို့သုံးနေသော ပလတ်စတစ်များ၏ သုံးပုံတစ်ပုံခန့်သည် မြို့ပြလမ်းများတွင် အစုလိုက်အပြုံလိုက်ရှိနေပြီး ပတ်ဝန်းကျင်ရှိ လေထုပါညစ်ညမ်းစေသည်။ စွန့်ပစ်ပလတ်စတစ်များသည် ရေစီးကြောင်းများမှတစ်ဆင့်သယ်ဆောင်ကာ ပင်လယ်သမုဒ္ဒရာထဲသို့ အမှိုက်အဖြစ်ပေါင်းစုံနေသည်။

အမေရိကန်နိုင်ငံ၏ သုံးပုံတစ်ပုံအရွယ်အစားရှိသော မြောက်ပစိဖိတ်ကျွန်းပတ်လည်တွင် စွန့်ပစ်ပစ္စည်းများသောကြောင့် ယခုအခါ ပလတ်စတစ်ကျွန်းဟုခေါ်ရလောက်အောင် ဖြစ်ပေါ်နေသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပလတ်စတစ်ပြဿနာရင်ဆိုင်နေရချိန်တွင် ကမ္ဘာတစ်ဝန်းလုံးပေါင်းစည်းပြီး ပလတ်စတစ်စွန့်ပစ်ခြင်းကို ရပ်ဆိုင်းရမည်ဖြစ်သော်လည်း အာရှပစိဖိတ်တွင် ပလတ်စတစ်များကို သမုဒ္ဒရာထဲသို့ စွန့်ပစ်နေသည်မှာ အဆိုးရွားဆုံးပြဿနာပင်ဖြစ်သည်။

ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပလတ်စတစ်များသည် နေရာတိုင်းမှာ ရုပ်ဆိုးအကျည်းတန်ရုံသာမက လူထုကျန်းမာရေးလုံခြုံမှုကိုပါ ဒုက္ခပေးနိုင်သကဲ့သို့ ဂေဟစနစ်ကိုပါ ပျက်စီးစေသည်။

ယခုအခါ နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်များ၏ တန်ချိန်ပေါင်းများစွာ သမုဒ္ဒရာထဲသို့ ဝင်ရောက်နေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော တစ်ခါသုံးပလတ်စတစ်အစားထိုးပစ္စည်းများကိုသုံးစွဲခြင်း၊ တစ်ခါးသုံး ပလတ်စတစ်ထုတ်ကုန်အသုံးပြုခြင်းကို ငြင်းဆန်ခြင်း၊ လျှော့သုံးခြင်း၊ ပြန်လည်အသုံးပြုခြင်းများဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကိုတားဆီး၍ လူတို့၏ကျန်းမာရေး၊ လူမှုရေးအပါအဝင် ရေသတ္တဝါများ၏ အသက်ရှင်သန်ရေးကောင်းမွန်ပြီး ဂေဟစနစ်များကို ပျက်စီးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ကမ်းစာစောင်**

# လွှမ်းပိုင်နှင့် ဂျီဖက်တို့၏ Pre Water Festival in Judson ဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ပြုလုပ်မည်




**ရန်ကုန် မတ် ၂၄**

လူငယ်တေးသံရှင် လွှမ်းပိုင်နှင့် ဂျီဖက်တို့၏ Pre Water Festival in Judson တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် လွှမ်းပိုင်ထံမှ သိရသည်။

အဆိုပါ Pre Water Festival in Judson တေးဂီတဖျော်ဖြေပွဲကို လာမည့် မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် Judson Entertainment Bar ရှိ Judson Indoor & Outdoor Area တွင် သင်္ကြန်ပွဲတော်ပုံစံအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဖျော်ဖြေရေးကတော့ Day 1၊ Day 2 ဆိုပြီး နှစ်ရက်ရှိပါမယ်။ ကျွန်တော်ကတော့ Day 2 မှာ တစ်နေကုန်ရှိနေမှာ ဖြစ်ပါတယ်။ Day 1 မှာတော့ ဂျီဖက်ရှိပါမယ်။ သင်္ကြန်ကာလရဲ့ ရေကစားပွဲတော်တွေကို အကြိုခံစားမှုအနေနဲ့ Judson ရဲ့ Indoor & Outdoor Area မှာ Water System အပြည့် ပြင်ဆင်ထားပြီး သင်္ကြန်ဖီလင်ကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒီ Pre Thingyan Day Event လေးမှာ အမှန်တကယ် သင်္ကြန်ကာလကို ရောက်သွားသလိုခံစားရမှာမို့ ခင်မင်သူတွေနဲ့ ရေကစားရင်း သီချင်းတွေ နားဆင်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု တေးသံရှင် လွှမ်းပိုင်က ပြောပြသည်။

အဆိုပါ Pre Water Festival in Judson တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် လွှမ်းပိုင်၊ ဂျီဖက်တို့နှင့်အတူ Judson Band တေးဂီတအဖွဲ့က တီးခတ်ပံ့ပိုးပေးသွားမည့်အပြင် DJ Artists များနှင့်အတူ နာမည်ကျော် Dancer များက အလန်းစားကကွက်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# ဆိုနီ၏ Resident Evil ဇာတ်ကား၌ မင်းသား ဂျပ်စတင်အက်ဘရမ် ပါဝင်မည်

**နယူးယောက် မတ် ၂၄**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Resident Evil ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် Euphoria မင်းသား ဂျပ်စတင်အက်ဘရမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် မူလ Resident Evil(2002)ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Resident Evil ဇာတ်ကားသစ်ကို ဒါရိုက်တာ ဇက်ခရက်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Resident Evil ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာဇက်ခရက်ဂျာကပင် တာဝန်ယူရေးသားမည်ဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား အော်စတင်အက်ဘရမ်သည် မင်းသား ဂျို့ဘရိုလင်၊ မင်းသမီး ဂျူလီယာဂါနာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Resident Evil ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် နွေရာသီအတွင်း ဥရောပ၌စတင်ရန် ဆိုနီကုမ္ပဏီက စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO




# မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ကျင်းလုံမြန်မာတွင် နွေဦးအကြို ဈေးချိုချို သင်္ကြန်အကြိုဈေးပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျင်းလုံမြန်မာ Machine Mart-Mandalay တွင် နွေဦးအကြို ဈေးချိုချို သင်္ကြန်အကြို ဈေးပွဲတော်ကျင်းပသွားမည်ဖြစ်ကြောင်း ဈေးပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်မည့် သရုပ်ဆောင် ဝေလာရီထံမှ သိရသည်။

အဆိုပါ နွေဦးအကြို ဈေးချိုချို သင်္ကြန်အကြို ဈေးပွဲတော်ကြီးကို ဧပြီ ၄ ရက်မှ ၆ ရက်ထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဈေးပွဲတော်ကို ကျင်းလုံမြန်မာ Machine Mart-Mandalay က ဦးစီးကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးက နွေဦးအကြို ဈေးချိုချိုပွဲတော်ကြီးမှာ ပွဲတော်လာ မန်းပရိသတ်ကြီးကိုဖျော်ဖြေဖို့ ဧပြီ ၅ ရက်မှာ ကောင်းမြတ်စံ၊ ဗီတာမင်၊ နိုရာတို့နဲ့အတူရှိနေမှာပါ။ မန်းမြေက ပရိသတ်တွေနဲ့ ဆုံချင်လို့ ဈေးဝယ်ရင်း သီချင်းနားထောင်ဖို့ လှမ်းခဲ့ကြပါအုံး"ဟု သရုပ်ဆောင် ဝေလာရီက ပြောပြသည်။




ကျင်းလုံမြန်မာက ကြီးမှူးကျင်းပသည့် နွေဦးအကြို ဈေးချိုချို သင်္ကြန်အကြို ဈေးပွဲတော်ကြီးတွင် ဆိုင်ခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး စားသောက်ကုန်ဆိုင်ခန်းများ၊ Electronic ဆိုင်ခန်းများ၊ Cosmetics ဆိုင်ခန်းများ၊ အဝတ်အထည်ဆိုင်ခန်းများ၊ စက်ပစ္စည်းအရောင်းပြခန်းများ ပါဝင်မည်ဖြစ်ပြီး စက်ပစ္စည်းများကို လက်တွေ့စမ်းသပ်မှု အစီအစဉ်များ၊ လူငယ်များအတွက် အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်များ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းသွားဖြစ်ကြောင်း သိရသည်။

**ASH**

# Amazon MGM ဟာသဇာတ်ကားသစ်၌ မင်းသမီး ရက်ဂျီနာဟော ပါဝင်မည်

**နယူးယောက် မတ် ၂၄**

Amazon MGM ၏ ဟာသဇာတ်ကားသစ်၌ မင်းသမီးရက်ဂျီနာဟော ပါဝင်မည်ဖြစ်ကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါဇာတ်ကားတွင် မင်းသမီးရက်ဂျီနာဟောသည် မင်းသားဝီဖာရယ်၊ ဇက်အက်မရွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ နီကိုလပ်စတော်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကား၌ ရက်ဂျီနာဟော ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်လာသော တရားခံတစ်ဦးက ရုပ်သံဌာနတစ်ခု၏ တရားခွင်ရိုက်ကွင်းတစ်ခုကို အသုံးပြု၍ ၎င်းအပြစ်မရှိကြောင်း ပြသရန် ကြိုးစားခဲ့သော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်မည့်ရက်တို့ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မဟာသင်္ကြန်ကာလအတွင်း အများပြည်သူ လေ့လာအပန်းဖြေနိုင်ရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များ ဖွင့်လှစ်ပေးထားမည်

**မန္တလေး မတ် ၂၄**

၁၃၈၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း အများပြည်သူ လေ့လာအပန်းဖြေနိုင်ရန် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ယဉ်ကျေးမှုဇုန်များကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်အောင်ကျော်ထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များကို ဖွင့်လှစ်ပေးရာတွင် ပင်းယယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်နှင့် ပုဂံယဉ်ကျေးမှုဇုန်တို့ကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ ခရီးသွားတွေ အသွားအလာများတဲ့ဇုန်တွေကတော့ နှစ်စဉ်ဖွင့်လှစ်နေကြအတိုင်း ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ပင်းယယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်၊ ပုဂံယဉ်ကျေးမှုဇုန်တွေ ဖြစ်ပါတယ်။ ဒီဇုန်တွေအပြင် ပဲခူးယဉ်ကျေးမှုဇုန်နဲ့ သရေခေတ္တရာယဉ်ကျေးမှုဇုန်လဲ ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဇုန်တွေထဲမှာရှိတဲ့ ပြတိုက်တွေကတော့ ပိတ်ထားမှာဖြစ်ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးအောင်အောင်ကျော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုဇုန်များ ဖွင့်လှစ်ထားမည်ဖြစ်သော်လည်း မြနန်းစံကျော်ရွှေနန်းတော်ကိုမူ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# Financial Commission Chairman SAC Chairman Prime Minister Senior General Min Aung Hlaing addresses the meeting of Financial Commission


Senior General Min Aung Hlaing addresses the meeting of the Financial Commission.

**Nay Pyi Taw March 24**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is also in the capacity of Chairman of the Financial Commission delivered a speech at the meeting of the Financial Commission at the SAC Chairman Office in Nay Pyi Taw this afternoon.

Also present at the meeting were Vice Chairman of the Commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary of the Commission Union Minister for Planning and Finance U Win Shein, Union ministers, the Auditor-General of the Union, the Chairman of Nay Pyi Taw Council and deputy ministers together with chief ministers of regions and states through a video conferencing.

At the meeting, the Senior General said that the meeting aims to discuss and approve the budget of the Union and the Union Budget Bill drafted for 2025-26 financial year. Ministries, Nay Pyi Taw Council, regions and states have to spend the prioritized expenditure for relevant sectors and regions in order to implement three economic objectives of the State.

Departments and organizations prioritize spending of the State fund on infrastructural roads and bridges, supply of electricity, transport, export promotion, import substitute, and job creation which can directly contribute to development of the country.

The State yearly allows expenditures to be spent under the State policy, emergency measures for the people, State economic promotion, creation of employment opportunities, development of socioeconomic life, agriculture and livestock farms, and improvement of MSME businesses.

With regard to implementation against the targets in relevant financial years, the State managed 71.78 per cent of incomes and 77.06 per cent of spending in 2020-2021 FY, 96.10 per cent of incomes and 84.25 per cent of spending in the six-month period from October 2021 to March 2022, 104.96 per cent of incomes and 90.78 per cent of spending in 2022-23 FY, 97.03 per cent of incomes and 89.32 per cent of spending in 2023-24 FY, and 71.11 per cent of incomes and 59.55 per cent of spending till January of 2024-25 FY.

Departments and organizations have to strive for exceeding the income target in the financial year. The allocated funds must be scrutinized and spent efficiently for the State during the set period. Only when they implement the projects directly benefiting the people during the set period will the State have socioeconomic development.

It is necessary to manage deficiency and GDP radio in the appropriate amount to ensure stability of macroeconomy of the State long-term economic development. A plan has been set to achieve K171,498 billion of GDP with three percent of economic development rate in 2025-26 FY.

Departments and organizations need to follow the public financial management under the existing laws. Hence, members of the Financial Commission have to discuss the Budget of the Union and the Union Budget Law for 2025-26 FY to be submitted by the Union government to the State Administration Council in time.

Later, the Vice Chairman of the Financial Commission Deputy Prime Minister stated that in order to effectively manage budget deficits, revenue estimates for the Union-level departments and organizations should be based on realistically achievable amounts and closely calculated projections. On the expenditure side, funds should be allocated to national development projects efficiently, without wastage, and in a way that supports economic growth. Accordingly, the Union-level departments and organizations' estimated expenditure budgets for the 2025-2026 fiscal year have been further reviewed. Similarly, the estimated expenditure budgets of the regions and states for the 2025-2026 fiscal year have also been examined in coordination with the relevant departments and organizations.

Regarding revenue projections, efforts have been made to ensure full collection of due revenues, implement tax rates appropriate for the current period, fully recover arrears from previous years, and secure feasible foreign loans and aid.

For unforeseen natural disasters, an emergency fund has been allocated—200 billion kyats at the Union level, and 1 billion kyats each for the Nay Pyi Taw Council, regions, and states, totaling 15 billion kyats, with an overall allocation of 215 billion kyats for disaster prevention, relief, rehabilitation, and the welfare and administrative needs of displaced persons.

The Financial Commission has reviewed the Union's estimated expenditure budget for the 2025-2026 fiscal year, including grants to regions and states, as well as the draft Union Budget Law based on it, and has endorsed its approval.

Following this, Secretary of the Financial Commission Union Minister U Win Shein explained the Union's estimated revenue and expenditure budget for the 2025-2026 fiscal year and the draft Union Budget Law.

Subsequently, Union Minister for Legal Affairs Union Attorney-General Dr. Thida Oo provided legal recommendations on the draft laws, while Union Auditor-General Dr. Khin Nyo Oo presented audit findings and recommendations regarding the estimated expenditure budgets.

The Chairman of the Nay Pyi Taw Council and the Chief Ministers of the regions and states then each gave their respective presentations.

In response to the presentations, the Chairman of the Financial Commission Chairman of the State Administration Council Prime Minister emphasized that budget allocations have been increased for domestic affairs, defense, health, and education sectors to support national development. He noted that improved monetary circulation would boost the economy and urged ministries and regional/state governments to base budget projections on realistic and utilizable amounts.

He further stressed that funds should be used for the benefit of the nation and its people, ensuring revenue targets are met and expenditures are directed toward truly impactful areas. He highlighted that budget allocations for strengthening the defense forces' capabilities are necessary for national stability, a practice common in other countries as well.

Electricity generation projects take time to build and cannot be completed quickly. To address this, we are actively developing and implementing projects to meet the country's electricity demands. Efforts are also underway to resume halted projects. We aim to promote solar power generation at the regional and state levels and encourage private ethnic entrepreneurs to contribute as much as possible. Collaborative efforts in this direction will significantly support the nation's electricity needs.

We need to use the budget systematically and monitor the implementation of projects systematically. We want ministries to monitor and inspect any work that is carried out in accordance with the rules and regulations. We need to work systematically and with dedication to the country and the people to make the projects successful.

Then, the Chairman of the Finance Commission, Chairman of the State Administration Council, the Prime Minister, delivered the concluding speech, announcing that the Union Budget and Union Budget Bill for the 2025-2026 FY were scrutinized and approved at today's meeting.

The 2025-2026 FY budget has approved the provision of educational support to students studying knowledge and skills in the education sector for the comprehensive development of the state, and the provision of awards based on the degrees obtained for teachers.

The budget includes the necessary expenses for expanding and opening agricultural and livestock universities to improve the agricultural and livestock sector, the expenses for building recreation centers for students at each university, the expenses for solar water pumping system projects and businesses that will result in quick-impact projects, and the expenses for socio-economic promotion.

It was also found that the expenditure includes the construction of roads and bridges to improve transportation and infrastructure development, and the expenditure for electricity generation to provide electricity.

The Union Ministries and Region or State Governments should ensure that the allocated expenditure is beneficial to the needs of the state and the people, and that the allocated expenditure is actually implemented and fully and on time, and that the accounts are audited.

It is also important for the Union Ministries and Region and State Governments to manage and supervise the full amount of revenue as allocated, and therefore, they should make special efforts to collect tax revenues in accordance with the existing tax laws, and the meeting was adjourned.

100

# Chairman of National Planning Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses NPC meeting



Senior General Min Aung Hlaing addresses the National Planning Commission meeting.

**Nay Pyi Taw March 24**

The National Planning Commission (NPC) held a meeting at the meeting hall of the State Administration Council Chairman's Office here this morning with an address by Chairman of NPC Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of NPC Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win, union minister members of NPC, union level dignitaries, the Nay Pyi Taw Council chair and deputy ministers. Region/state chief ministers and chairmen of leading bodies of self-administered zone/division took part in the meeting in the form of video-conferencing.

In his address, the Senior General said union ministers, the union auditor-general, the Nay Pyi Taw Council chair, region/state chief ministers would have to pass the National Planning Law for financial year 2025-2026 at this NPC meeting 1/2025.

Obviously, SAC has been exerting all-out efforts to realize the two national goals – national prosperity and food sufficiency – for national progress since its assumption of the duties.

The task of realizing the main business of the national economy calls for a robust institutional framework. In this regard, Agricultural Development Commission, Industrial Development Commission and Electricity and Energy Development Commission were set up to increase production of the country's main sectors with accelerated momentum and the said sectors must enhance their own development pace.

The State is providing extra impetus for a strong economic growth, but the country is facing a loss of economic and social infrastructures including roads, bridges, towers, power stations, schools, hospitals due to destructive acts. As the saying goes, "increase of deer population is denied by the presence of a tiger", the said acts are obstructing national development. As development undertakings cannot be carried out in the areas where stability is absent, they lack behind in development.

The State is providing all the required support for setting up a favourable economic environment. Additionally, it is encouraging human resources development and ensuring a better socioeconomic environment, the main drive for promoting the production power of a country. It is also extending the higher institutions of polytechnic learning in many parts of the country, in addition to Nay Pyi Taw, and ensuring accessible quality education for all.

It is upgrading healthcare services and in the social sector, it is engaging in the life-quality improvement of outstanding athletes to bring honour to the nation through sports.

The government has implemented its first-phase of the program covering the work of building indoor stadiums, and stands and a 400-metre track, and swimming pools in nearly all the regions and states. It is now in the process of implementing the second-phase of the program in district towns. In the third-phase, it will build the facilities in townships.

As for environmental conservation, it is extending the monsoon tree planting activities and forest plantations. It is arranging the application of modern technology in search and rescue operations to alleviate the damage caused by climate change. Its tree plantation goal is "thriving of every planted tree", and a target is set to increase forest cover of the country from 42% at present to 50%.

The fundamental transportation infrastructure, encompassing roads, production routes, inter-village roads, and all-season road networks in rural areas, has been developed to facilitate the movement of goods and passengers across various regions, including remote areas.

In the upcoming fiscal year 2025-2026, priority will be given to essential inputs, including seeds, fertilizers, machinery, and solar water pumping projects, to enhance agricultural and farming activities. These efforts will support the continuation of ongoing dam and electricity generation projects and contribute to the achievement of national development goals. Expenditures for vocational training and job creation will also be allowed.

To improve the standard of living for people with limited financial resources, the construction of public rental housing projects has been approved. Additionally, the development of staff housing, essential for providing comfortable living conditions for employees in sectors such as security, education, health, and others, has also been permitted. Funds have been allocated to support and assist in the rehabilitation of people displaced by the violence.

A systematic study and analysis must be conducted on projects proposed by the Union Ministries, as well as those planned by regional and state governments, to ensure they are practical initiatives that will effectively benefit the people and are completed within the established timelines.

To achieve the nation's aspirations and goals, relevant departments, organizations, regions, and states must follow the established agendas, directions, and policy objectives as guidelines, working together in a balanced and coordinated manner.

The State will continue to collaborate with the public to implement people-centered projects aimed at ensuring peace and prosperity for the Union, as well as prosperity for the nation's citizens. Therefore, I urge all involved to work towards the successful execution of the targeted projects.

In his speech, the Vice-Senior General stated that the National Plan for the fiscal year 2025-2026, which is set to be approved at today's National Planning Commission meeting, has been drawn up with the goal of enhancing the socio-economic well-being of the people and achieving people-centered, inclusive long-term development for the country's prosperity and food security. It was also noted that the plan is designed to be implemented in alignment with the country's future plans and objectives, which include the development of agriculture and farming, micro, small, and medium-sized enterprises, increased exports, domestic edible oil self-sufficiency, and advancements in the education, health, transportation, electricity, and energy sectors. In addition, approval has been granted to undertake regional reconstruction and development efforts.

By the end of this fiscal year, growth is anticipated in all sectors except for the energy, metals, minerals, and electricity sectors. According to the provisional year-end estimate, the economic growth rate is expected to reach 2.9 percent compared to the same period last year.

Based on this year's implementation status, as well as the production and budget projections from relevant Union Ministries and Regions/States, the GDP growth rate for the fiscal year 2025-2026 is estimated to reach 3 percent, valued at 171,498.1 billion kyats at the prices of the year. Based on the 2024 Population and Housing Census and the preliminary population estimates, with a population of 51.3 million, the per capita production and service value is projected to exceed 3.3 million.

He urged the meeting to ensure that project expenditures linked to production and service activities are spent systematically, working together to achieve greater economic growth than currently, effectively utilizing the state's resources to achieve positive results, and meeting the main and basic needs of the people.

Following this, U Win Shein, Vice Chairman of the Planning Commission, Deputy Prime Minister, and Union Minister for Planning and Finance, reviewed and discussed the implementation status of the National Plan for the 2024-2025 fiscal year and provided an overview of the draft National Plan for the 2025-2026 fiscal year.

Then, Secretary of the National Planning Commission Deputy Minister for Planning and Finance Daw Than Than Lin reported to the Senior General on the draft of the 2025-2026 Fiscal Year National Planning Law (Draft).

Afterward, union ministers reported to the Senior General on planning targets and implementation for each fiscal year.

After hearing the reports the Senior General made additional remarks, saying plans are developed to implement *See Page 14*

# Military columns participating in 80th Armed Forces Day Parade conduct full-dressed rehearsal



Vice-Senior General Soe Win inspects the military columns conducting a full-dressed rehearsal for the 80th Armed Forces Day Parade.

**Nay Pyi Taw March 24**

Military columns, which will take part in the parade for the 80th Anniversary of Armed Forces Day, which falls on 27 March 2025, conducted a full-dressed rehearsal at the Nay Pyi Taw Parade Ground this morning.

During the rehearsal, officers, other ranks, female personnel from seven military columns marched rhythmically to the parade ground from Thittat ground under the parade programme, singing marching songs energetically to the accompaniment of the Tatmadaw (Army, Navy, Air) Military Band and the Myanmar Police Force Band.

Vice-Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win together with Union Minister for Defence General Maung Maung Aye, Union Minister for Home Affairs Lt-Gen Tun Tun Naung, Chief of the General Staff (Army, Navy and Air) General Kyaw Swar Lin, Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Chairman of Armed Forces Day Organizing Committee Chief of Armed Forces Training LtGen Htein Lin, senior military officers from the Office of the Commander-in-chief, Chairman of Armed Forces Day Organizing Management Committee Commander of Nay Pyi Taw Command Maj-Gen Soe Min and officials, inspected parade columns.

First, the Vice-Senior General and party observed the positions of parade columns in the parade ground, arrangement of chairs for guests to the parade, the installation of SIS (Simultaneous Interpretation Systems) for foreign guests and the arrival of the VIP convoy together with a cavalry company.

Then, the Vice-Senior General and party inspected coordinated group flights of aircraft and helicopters from the Tatmadaw (Air), dress codes for standard-bearers and columns, preparations for parade flags, parade small arms and military equipment and activities of parade companies in details and fulfilled the needs in coordination with officials.

Officers, other ranks, female military personnel, members of the female special operation task force from Tatmadaw (Army, Navy and Air), and the Myanmar Police Force together with aircraft and helicopters from Tatmadaw (Air) took part in the parade rehearsal.

100

*From Page 13*

what can actually be implemented and it is necessary to develop plans that will mainly serve the people. It is important to increase the GDP of the country by boosting domestic production and to enhance the manufacturing sector by using agricultural products. If the manufacturing sector makes progress, other industrial and services sectors will develop. Therefore, concerted efforts must be made for the development of the manufacturing sector.

It is necessary for all to strive for the success of national plans seriously. In developing plans, it is important to take urban and rural populations into consideration. It is vital to take food for people living in rural and urban areas into account. As sufficient meat and fish must be produced, the government has been encouraging the livestock breeding sector effectively. The agriculture sector is also being encouraged.

In connection with plans, relevant organizations must take measures for regional security. Investment will increase when security is ensured. As foreign investment has dropped, it is necessary to boost production. Therefore, regions and states are required to make efforts to boost production seriously.

As regards GDP, regions and states are required to strive to meet the targets in agriculture and livestock breeding and meat and fish sectors while it is necessary for ministries to supervise the tasks and to implement plans practically and successfully.

In connection with security and the rule of law, regions and states are required to take security measures properly to hold a multi-party general election in December. If security can be ensured, domestic and foreign investments will increase and it is necessary for all to make concerted efforts for the success of national plans.

Then, the Senior General made concluding remarks, saying efforts must be made to meet GDP targets so that the economy of a country will be strong. Therefore, it is necessary to take practical measures to meet intended targets in national and regional plans. Tasks being carried out by the government, which implements national interests by prioritizing national affairs, must be transparent and beneficial for the people. All the tasks must be able to meet their criteria.

Union ministries, Nay Pyi Taw Council and regional and state governments are required to coordinate the tasks that must be carried out before the 2025-2026 Fiscal Year National Planning Law and regional planning laws are enacted.

It is necessary to bravely take appropriate measures to boost the political, economic and defence strengths of the country. In implementing plans, lessons must be learnt and pragmatic measures must be taken innovatively.

It is necessary to supervise the National Economic Promotion Fund to ensure that it is spent effectively in respective states and regions without wastage. As sound foundations for development of MSMEs have been laid, continued efforts must be made for long-term operation of them and to link them with the global manufacturing network through regional manufacturing networks.

Domestic manufacturing industries are required to enhance their import-substitutes production capabilities to reduce foreign exchange spending. In conclusion, the Senior General urged regions and states including Nay Pyi Taw to take stricter measures to prevent illegal exploitation and trading of natural resources. After the remarks, the meeting concluded.

100



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က မျိုးဆက်သစ်ကိုယ်ပျောက်တိုက်လေယာဉ် တီထွင်ထုတ်လုပ်ရန် ဘိုးရင်းကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က F-47 ဟုအမည်ပေးထားသည့် အမေရိကန်လေတပ်၏ မျိုးဆက်သစ်ကိုယ်ပျောက်တိုက်လေယာဉ် တီထွင်ထုတ်လုပ်ရန် ဘိုးရင်းကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း မတ် ၂၁ ရက်တွင် ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူစာချုပ်အရ ဆယ်စုနှစ်နှစ်ခုနီး လည်ပတ်ခဲ့သည့် F-22 တိုက်လေယာဉ်နေရာတွင် အစားထိုးအသုံးပြုရန် ရည်ရွယ်ထားပြီး မောင်းသူမဲ့လေယာဉ်များနှင့်အတူ စစ်ဆင်နိုင်မည့် နည်းပညာပိုမိုအဆင့်မြင့်သော ကိုယ်ပျောက်တိုက်လေယာဉ်သစ်တစ်မျိုးကို တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်လေတပ်သည် လေကြောင်းနှင့် အာကာသထိပ်တန်းကုမ္ပဏီတချို့ကြား အပြင်းအထန်ပြိုင်ဆိုင်မှုကြီးနောက်တွင် ဘိုးရင်းကုမ္ပဏီ၏ မျိုးဆက်သစ် လေကြောင်းစိုးမိုးမှု လေယာဉ်စီမံကိန်း (NGAD) အတွက် စာချုပ်ချုပ်ဆိုသွားမည်ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

NGAD စီမံကိန်းကိုရွေးချယ်၍ စာချုပ်ချုပ်ဆိုနိုင်ခဲ့မှုသည် ဘိုးရင်းကုမ္ပဏီ၏ ဘိုးစဉ်ဘောင်ဆက် လက်ထက်ကတည်းက တိုက်လေယာဉ် မျိုးဆက်အမွေကို လက်ဆင့်ကမ်းဆက်ခံပြီး ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်သစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စံနမူနာပြုတစ်ရပ်ကို တည်ဆောက်လိုခြင်းဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ဘိုးရင်းကုမ္ပဏီသည် အမေရိကန်ရေတပ်၏ မျိုးဆက်သစ်လေယာဉ်စာချုပ်တစ်ခုအတွက်လည်း Northrop Grumman ကုမ္ပဏီနှင့် ယှဉ်ပြိုင်နေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်လေတပ်၏ကိုယ်ပျောက်တိုက်လေယာဉ် သဘောတူစာချုပ်ရရှိရန် ပါဝင်ကြိုးပမ်းခဲ့သည့် လော့ခ်ဟိဒ်မာတင်ကုမ္ပဏီက ဤရလဒ်အတွက် စိတ်ပျက်မိသည်ဟု ပြောဆိုခဲ့သော်လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်အဖြေတစ်ခုကို ပေးနိုင်ခဲ့သည်ဟု ယုံကြည်မိပါကြောင်း ပြောကြားခဲ့သည်။

မျိုးဆက်သစ် လေကြောင်းစိုးမိုးမှု လေယာဉ်စီမံကိန်း (NGAD) အတွက် ကြိုးပမ်းအားထုတ်မှုများကို မြင့်မားလာသည့် ကုန်ကျစရိတ်အပေါ် စိုးရိမ်မှုများကြောင့် ၂၀၂၄ ခုနှစ်တွင် ခေတ္တရပ်နားထားခဲ့သည်။ NGAD စီမံကိန်းသည် သမ္မတဒေါ်နယ်ထရန့်၏ အဓိကအာရုံစိုက်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကွန်ဂရက်ဘတ်ဂျက်ရုံးက ၂၀၁၈ ခုနှစ်တွင် မျိုးဆက်သစ်လေကြောင်းစိုးမိုးမှု လေယာဉ်စီမံကိန်း (NGAD) အတွက် လေယာဉ်ကိုယ်ထည်တစ်ခုလျှင် အမေရိကန်ဒေါ်လာသန်း ၃၀၀ ထိ ကုန်ကျနိုင်သည်ဟု ခန့်မှန်းထားခဲ့ကြသည်။ အဆိုပါစီမံကိန်းသည် လက်ရှိ အမေရိကန်လေတပ်ပိုင် တိုက်လေယာဉ်များ၊ ကိုယ်ပျောက်တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များထက် သိသိသာသာ ပိုမိုမြင့်မားနေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ တာဝန်ရှိသူများသည် B-21 Raider ဗုံးကြဲလေယာဉ်နှင့် Minuteman III ICBM တိုက်ချင်းပစ်ဒုံးကျည် အဆင့်မြင့်တင်အစားထိုးခြင်းအပါအဝင် မျိုးဆက်သစ် NGAD လေယာဉ်သစ်ကို အမေရိကန်လေတပ်အနေဖြင့် တီထွင်ထုတ်လုပ်အသုံးပြုရန် ဖြစ်နိုင်မလားဆိုသည့်အပေါ် ယုံမှားသံသယဖြစ်ခဲ့ကြသည်ဟု ကွန်ဂရက်လွှတ်တော် သုတေသနဌာနက ယခုနှစ်အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်၌ ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**Trump Says Boeing Won Next-Generation F-47 Fighter Jet Contract** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က မဟာဗျူဟာမြောက် ပင်လယ်ကွေ့ကျွန်းစုများတွင် ဒုံးကျည်စနစ်များ ထုတ်ဖော်ပြသ

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် ပင်လယ်ကွေ့ဒေသ မဟာဗျူဟာမြောက် ကျွန်းစု သုံးခုတွင် ဒုံးကျည်စနစ်များ ထုတ်ဖော်ပြသခဲ့ပြီး အနီးအနားရှိ ရန်သူ့အခြေစိုက်စခန်းများ၊ စစ်သင်္ဘောများနှင့် ပိုင်ဆိုင်မှုများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိကြောင်း The Defense Post သတင်းဌာနက မတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်များကို ကမ္ဘာလုံးဆိုင်ရာ အရေးပါသော သင်္ဘောလမ်းကြောင်းဖြစ်သည့် ဟောမုဇရေလက်ကြားအနီးရှိ Greater Tunb၊ Lesser Tunb နှင့် Abu Musa ကျွန်းစုသုံးခုတွင် တပ်ဖြန့်ချထားခဲ့ခြင်းလည်းဖြစ်သည်။ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့များသည် မကြာသေးမီက အဆိုပါဒေသတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ နျူကလီးယားဆွေးနွေးပွဲများ ပြန်လည်စတင်ရန်နှင့် အီရန်နိုင်ငံက ငြင်းဆိုပါက စစ်ရေးအရ အရေးယူဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတိပေးချက်စာတစ်စောင်အပေါ် တုံ့ပြန်ချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ကျွန်းစုကတစ်ရင်း၊ တပ်ဖွဲ့တွေ လုပ်ဆောင်နိုင်မဲ့ လက်နက်တွေ တပ်ဆင်ပေးဖို့ နည်းဗျူဟာတစ်ခု ချမှတ်ထားပါတယ်။ ကျွန်တော်တို့ဟာ ဒေသတွင်းမှာရှိတဲ့ ရန်သူ့အခြေစိုက်စခန်းတွေ၊ ရေယာဉ်တွေနဲ့ ပိုင်ဆိုင်မှုတွေအားလုံးကို တိုက်ခိုက်နိုင်စွမ်းရှိပါတယ်" ဟု အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ရေတပ်ဦးစီးချုပ် မူဝါဒရေးရာဌာနခွဲမှူး Alireza Tangsiri က ပြောကြားခဲ့သည်။



လက်ရှိ တပ်ဖြန့်အသုံးပြုထားသော ဒုံးကျည်စနစ်သစ်များသည် အကွာအဝေး မိုင် ၃၇၀ အတွင်း မည်သည့်ပစ်မှတ်ကိုမဆို အပြီးအပိုင် တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

အီရန်နိုင်ငံ ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီက အမေရိကန်နိုင်ငံအနေဖြင့် အီရန်အပေါ် မည်သည့်နေရာ၊ နယ်ပယ်တွင်မျှ ခြိမ်းခြောက်နိုင်လိမ့်မည် မဟုတ်ကြောင်းနှင့် အီရန်အပေါ် ဆိုးဆိုးရွားရွား ကျူးလွန်လုပ်ဆောင်လာပါက ပြင်းထန်စွာ လက်တုံ့ပြန်ခံရမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး Abbas Araghchi က အမေရိကန်သမ္မတ၏ သတိပေးစာသည် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း၊ သို့သော်လည်း အခွင့်အလမ်းများ ကမ်းလှမ်းထားပုံရကြောင်း၊ ရက်ပိုင်းအတွင်း အီရန်နိုင်ငံဘက်က တုံ့ပြန်သွားမည်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အရှေ့အလယ်ပိုင်းဒေသ အထူးသံတမန် Steve Witkoff က သမ္မတထရန့်သည် အီရန်နိုင်ငံနှင့် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခကို ဖြတ်တောက်ပစ်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး သမ္မတ၏စာသည် ခြိမ်းခြောက်မှုအဖြစ် မရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု(UAE) နိုင်ငံနှင့် ဆယ်စုနှစ်များစွာ သူပိုင်၊ ငါပိုင် အငြင်းပွားနေသော ပင်လယ်ကွေ့ဒေသရှိ ကျွန်းစု သုံးခုကို ၁၉၇၁ ခုနှစ်ကတည်းက ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အီရန်နိုင်ငံသည် အဆိုပါကျွန်းစုများပေါ်တွင် ကာကွယ်ရေးစွမ်းရည်များ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး Alireza Tangsiri က ထုတ်ဖော် ပြောကြားခဲ့ဖူးသည်။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါကျွန်းစုများတွင် အီရန်၏ ဒုံးကျည်စနစ်များ ဖြန့်ကြက်ချထားခြင်းသည် ဒေသတွင်းလုံခြုံရေး၊ အမေရိကန်-အီရန် ဆက်ဆံရေးနှင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်များအတွက် သိသာထင်ရှားသော သက်ရောက်မှုများနှင့်အတူ မဟာဗျူဟာမြောက် ပထဝီနိုင်ငံရေး အခင်းအကျင်းတစ်ခုအဖြစ် မြင်တွေ့ရနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Iran Unveils Missile Systems on Strategic Gulf Islands** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၄**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကိုဆွေးနွေးအတည်ပြုကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၃)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့က ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များကို သတ်မှတ်သုံးစွဲကြရမည်ဖြစ်ကြောင်း။

ဌာန၊အဖွဲ့အစည်းများအနေဖြင့် **နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အသုံးစရိတ်များဖြစ်သော အခြေခံအဆောက်အအုံဆိုင်ရာ လမ်းတံတား၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စရပ်များနှင့် ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးအစရှိသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရမည်ဖြစ်ကြောင်း။**

**နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီးဆောင်ရွက်ပေးရန်လိုအပ်သည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နိုင်မည့် အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။**

ဘဏ္ဍာနှစ်အလိုက် လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရငွေရရှိမှု ၇၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၇ ဒသမ ၀၆ ရာခိုင်နှုန်း၊၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ ခြောက်လ ဘဏ္ဍာနှစ်မှာ ရငွေရရှိမှု ၉၆ ဒသမ ၁၀ ရာခိုင်နှုန်း၊သုံးငွေသုံးစွဲမှု ၈၄ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ရငွေရရှိမှု ၁၀၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၉၀ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရငွေရရှိမှု ၉၇ ဒသမ ၀၃ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၉ ဒသမ ၃၂ ရာခိုင်နှုန်း၊၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ ရငွေရရှိမှု ၇၁ ဒသမ ၁၁ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၅၉ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာနှစ်အတွင်း ရငွေလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသုံးစရိတ်ခွဲဝေလျာထားပေးသည့် ရန်ပုံငွေများကိုလည်း သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံးနှင့်အထိရောက်ဆုံးဖြစ်စေရေးစိစစ်ပြီး စီမံခန့်ခွဲသုံးစွဲရေးသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေးတိုးတက်မှုရရှိစေရေးလိုငွေနှင့် ဂျီဒီပီအချိုးကို သင့်တင့်သည့်ပမာဏအတွင်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို ကျပ် ၁၇၁၄၉၈ ဘီလီယံ ရရှိရန်မျှော်မှန်းထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း သုံးရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို တည်ဆဲဥပဒေများနှင့်အညီလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိမိအနေဖြင့် ဘတ်ဂျက်လိုငွေများ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရငွေပိုင်းတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ အမှန်ရရှိနိုင်မည့် ရငွေပမာဏနှင့် အနီးစပ်ဆုံးတွက်ချက်လျာထားရေး၊ အသုံးစရိတ်ပိုင်းတွင် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လေလွင့်မှုမရှိဘဲ အကျိုးရှိထိရောက်စွာသုံးစွဲနိုင်မည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် ထပ်ဆင့်စိစစ်ခဲ့ကြောင်း၊ ထို့အတူ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကိုလည်း သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများဖြင့် အဆင့်ဆင့်စိစစ်ထားခဲ့သည်ကို တွေ့ရှိရကြောင်း။

ရငွေအပိုင်းလျာထားရာတွင် ရသင့်ရထိုက်သောရငွေများ အပြည့်အဝရရှိရေး၊ အခွန်အခများနှင့်ပတ်သက်၍ ခေတ်ကာလနှင့်ဆီလျော်သော နှုန်းထားဖြစ်စေရေး၊ လျာထားငွေများအတိုင်း အပြည့်အဝကောက်ခံရရှိရေး၊ နှစ်ဟောင်းကြွေးကျန်များ ပြန်လည်ရရှိရေး၊ အမှန်တကယ်ရရှိနိုင်မည့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများဖြစ်စေရေးအတွက် စိစစ်လျာထားမှုပြုလုပ်ခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ငွေကျပ်ဘီလီယံ ၂၀၀၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ငွေကျပ်တစ်ဘီလီယံစီဖြင့် ငွေကျပ် ၁၅ ဘီလီယံ စုစုပေါင်း ငွေကျပ် ၂၁၅ ဘီလီယံ ခွင့်ပြုထားကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြု၍ ရေးဆွဲထားသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ကသုံးသပ်ပြီး အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါ




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အသုံးစရိတ်များဖြစ်သော အခြေခံအဆောက်အအုံဆိုင်ရာလမ်းတံတား၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စရပ်များနှင့် ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေး အစရှိသည့်အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရမည်ဖြစ် . . .**

ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာအကြံပြုချက်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

၎င်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများကို ပြည်ထဲရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များတိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့တိုးမြှင့်ပေးခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပါက နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘတ်ဂျက်များလျာထားရာတွင် အမှန်တကယ်အသုံးပြုနိုင်မည့်ပမာဏများကို လျာထားဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီး




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကို အမှန်တကယ်အကျိုးရှိသည့် နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်နိုင်ရေးအတွက်လည်း ဘတ်ဂျက်ငွေများသုံးစွဲရခြင်းများရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စီမံကိန်းများသည် အချိန်တိုအတွင်းဆောင်ရွက်၍မရဘဲ အချိန်ယူတည်ဆောက်ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် တည်ဆောက်ဆဲစီမံကိန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် သုံးစွဲကြရန်လိုပြီး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်စေရေး ကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေးဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းများ အောင်မြင်စေရေးစနစ်တကျဖြင့် တိုင်းပြည်နှင့် ပြည်သူအပေါ်စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် အသိပညာ၊အတတ်ပညာများသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့စရိတ်များ ထောက်ပံ့ခြင်း၊ ဆရာ၊ဆရာမများအတွက် အကျိုးခံစားခွင့်အတွက်ရရှိထားသည့် ဘွဲ့များအလိုက် ချီးမြှင့်ငွေများထောက်ပံ့ခြင်းတို့ကို ခွင့်ပြုပေးထားကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်နိုင်ရေးလိုအပ်သည့်အသုံးစရိတ်များ၊ တက္ကသိုလ်အလိုက် ကျောင်းသား၊ ကျောင်းသူများအတွက် အပန်းဖြေဌာန(Recreation Center) တည်ဆောက်ခြင်းအသုံးစရိတ်များ၊ အလျင်အမြန်အကျိုးရလဒ်(Quick Win)ရရှိနိုင်မည့် ဆိုလာစနစ် ရေတင်စီမံကိန်း၊လုပ်ငန်းအသုံးစရိတ်များ၊ လူမှုစီးပွားမြှင့်တင်ရေးအသုံးစရိတ်များလည်း ပါဝင်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်းအသုံးစရိတ်များ၊ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များပါဝင်သည်ကိုလည်း တွေ့ရှိရကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အကျိုးရှိသည့်အသုံးစရိတ်များဖြစ်စေရေး၊ လျာထားသည့် အသုံးစရိတ်များကိုလည်း အမှန်တကယ်အကောင်အထည်ဖော်ပြီး စံချိန်စံညွှန်းအပြည့်အဝနှင့်အချိန်မီပြီးပြတ်အောင် သုံးစွဲနိုင်ရေးနှင့် စာရင်းစစ်ဆေးမှုခံယူနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့်အတိုင်း ရငွေများအပြည့်အဝရရှိအောင် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်သွားရန်လည်း အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ ထို့ကြောင့် အခွန်အကောက်ရငွေများကိုလည်း တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

နေပြည်တော် မတ် ၂၄

ကျောင်းသား၊ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာအခြေခံနှင့် စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများ စသဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌လည်းကောင်း အသီးသီးဖွင့်လှစ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း အဆိုပါနွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (ဧဝ၁)




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ကျောင်းသားတစ်ဦးကို သင်ထောက်ကူပစ္စည်းများနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီယဉ်ကျေးမှုသင်တန်း၊ အင်္ဂလိပ်စာအခြေခံစကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုကြမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဘက်ပေါင်းစုံမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းဆိုင်ရာမူဘောင်(Institutional Framework)များ အားကောင်းစေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အဓိကကျသည့်ကဏ္ဍများတွင် ထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း အဖျက်အမှောင့်လုပ်ငန်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကျောင်း၊ ဆေးရုံ စသည်များတွင် ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း၊ ထိုသို့ဖျက်ဆီးမှုများကြောင့် သမင်မွေးရင်းကျားစားရင်းဆိုသည့် စကားအတိုင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး နယ်မြေဒေသမတည်ငြိမ်သည့်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် နောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ပြင် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကို ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက်ကနစ်နည်းပညာများ(Polytechnic)ကို နေပြည်တော်၌သာမက အခြားဒေသများတွင် တိုးချဲ့သင်ကြားနိုင်ရန်အတွက် စီစဉ်ပေးလျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးကို လူတိုင်းလက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပထမအဆင့်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ မိုးလုံလေလုံအားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါသည့် ဘောလုံးကွင်းနှင့် ရေကူးကန်များကို ဦးစားပေးဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးနီးပါးတွင် တည်ဆောက်ပြီးဖြစ်ကြောင်း၊ အလားတူ ဒုတိယအဆင့်အနေဖြင့် ခရိုင်မြို့ကြီးများအားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဆက်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး တတိယအဆင့်အနေဖြင့် မြို့နယ်များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်း တိုးချဲ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် ရာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက် တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၄၂ ရာခိုင်နှုန်းကျော်ရှိသည်မှ ၅၀ ရာခိုင်နှုန်းထိရောက်အောင် ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝေးလံဒေသများအပါအဝင် ဒေသအသီးသီးတွင် ကုန်စည်နှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်ဒေသများတွင် ရာသီမရွေး သွားလာနိုင်သည့် လမ်းကွန်ရက်များ စသည့် သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ဆောင်ရွက်ဆဲဆည်တမံနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ရှေ့ဆက် အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စက်ကိရိယာများ၊ စိုက်ပျိုးရေးရရှိရန် ဆိုလာရေတင်လုပ်ငန်းများကို ဦးစားပေးလျာထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး၊ အလုပ်အကိုင်ဖန်တီးနိုင်ရေး စသည့်လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း လျာထားခွင့်ပြုပေးမည်ဖြစ်ကြောင်း။

အကန့်အသတ်ရှိသည့် ဘဏ္ဍာငွေ အရင်းအမြစ်များနှင့် ပြည်သူများအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အခြားကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းကိုလည်း ခွင့်ပြုထားကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေများ လျာထားခွင့်ပြုပေးထားပြီးဖြစ်ကြောင်း။

**ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားသည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လျာထားသည့် လုပ်ငန်းများတွင် လက်တွေ့ကျသည့် စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျလေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**




အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ရည်မှန်းချက်ပါစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြရေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ပြင် ဒေသတွင်း ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုထားပါကြောင်း။

ယခုဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများမှအပ ကျန်ကဏ္ဍများတွင် တိုးတက်မှုရရှိမည်ဟု ခန့်မှန်းထားပြီး နှစ်ကုန်ယာယီခန့်မှန်းခြေစာရင်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ယခင်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကို ယခုနှစ်၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေလျာထားချက်များပေါ် အခြေခံပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို ၃ ရာခိုင်နှုန်း၊ နှစ်အလိုက်ဈေးနှုန်းအရ တန်ဖိုးအားဖြင့် ငွေကျပ် ၁၇၁၄၉၈ ဒသမ ၁ ဘီလီယံရရှိနိုင်ကြောင်း စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းပေါ် အခြေခံပြီး လူဦးရေ ၅၁ ဒသမ ၃ သန်းနှင့် ခန့်မှန်းထားသည့် တစ်ဦးကျထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးမှာ ၃ ဒသမ ၃ သန်း ကျော်ရရှိစေရန်လျာထားပါကြောင်း။

ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်နေသည့် စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စီးပွားရေးတိုးတက်မှုအခြေအနေကို ယခုထက်ပိုမိုရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့်ရလဒ်ကောင်းများရရှိရေးဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းလျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသား စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် စီမံကိန်းဆိုသည်မှာ အမှန်တကယ်လုပ်နိုင်သည့် အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးကအလေးအနက်ထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများ၏ လူဦးရေကိုကြည့်၍ ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်နှင့် မြို့ပြအလိုက် နေထိုင်ကြသည့် ပြည်သူများအတွက် စားရေးနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် အသား၊ ငါးများကို လုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုသဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရေး တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း။

စီမံကိန်းများနှင့်ပတ်သက်၍ ဒေသအလိုက်လုံခြုံမှုများရှိစေရေး တာဝန်ရှိသည့် အဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုံခြုံမှုရှိမှသာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနည်းပါးခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်၍ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

GDP နှင့်ပတ်သက်၍ နိုင်ငံ၏ GDP တိုးတက်စေရေး စိုက်ပျိုးရေးထုတ်ကုန်နှင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ တိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အားကောင်းမွန်ရန်အတွက် ဂျီဒီပီကို ရည်မှန်းထားသည့်အတိုင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေများမပြဋ္ဌာန်းမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြရန် လိုကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရယူသင့်သည့် သင်ခန်းစာများကိုဖော်ထုတ်ပြီး လက်တွေ့ကျကျဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် တီထွင်ကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း လေလွင့်မှုမရှိစေဘဲ သက်ဆိုင်ရာဒေသအသီးသီး၌ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ **အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးနှင့် ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက်မှတစ်ဆင့် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်သို့ ချိတ်ဆက်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရ**

**ပြည်ထောင်စုဝန်ကြီးဌာနများက လျာထားသည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လျာထားသည့်လုပ်ငန်းများတွင် လက်တွေ့ကျသည့်စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျလေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်. . .**

**အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးနှင့် ဒေသတွင်း ထုတ်လုပ်မှုကွင်းဆက်မှတစ်ဆင့် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်သို့ ချိတ်ဆက်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်. . .**

**မည်ဖြစ်**ကြောင်း။

နိုင်ငံခြားငွေယိုစိမ့်မှု လျော့နည်းစေရေးအတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများက သွင်းကုန်အစားထိုးနိုင်မှု တိုးတက်ရရှိရေး၊ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယခုထက်ပိုမိုပြီး ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း၊ စီမံကိန်းများကိုအောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် လိုကြောင်း၊ လုံခြုံရေးစနစ်ကောင်းမွန်လာပါက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များ ရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများ အကျိုးကျေးဇူးရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသား ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)




အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ”** ခေါင်းစဉ်ဖြင့် ၂၆-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“စစ်ရေးနဲ့ နိုင်ငံရေးမှာ အခွင့်မသာလို့ ရှက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ (၂၄-၃-၂၀၂၅)

| | | | | |
|---|---|---|---|---|
| အောင်လံ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဖြူ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

**တို့တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ပေါက်လာစေရေး ဦးဆောင်အကောင်အထည် ဖော်ပေးခဲ့သလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးနဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လည်း ရှေ့ကနေမားမားမတ်မတ်ရပ်တည်ဆောင်ရွက်သွားရမှာဖြစ်တယ်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၡ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

၂၇-၃-၂၀၂၄





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် အလံတော်အဖွဲ့ကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

လေ့ကျင့်ဆောင်ရွက်ကြသည်။

ထိုသို့လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများ၊ နှစ် ၈၀ ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System)ဘာသာပြန်စက်တပ်ဆင်ထားရှိမှုများ၊ မြင်းစီးတပ်ခွဲနှင့်အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်းဝင်ရောက်နေရာယူမှုများအား ဦးစွာ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေမှ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အချိန်ကိုက်အုပ်ဖွဲ့ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊စစ်ရေးပြအလံများ၊စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများပြင်ဆင်ထားရှိမှုနှင့် စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ ၊တပ်မတော်(လေ)မှ လေယာဉ်၊ရဟတ်ယာဉ်များပါဝင်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက်တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း- Peace Talk 2025 ကျင်းပ

နေပြည်တော် မတ် ၂၄

“တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသောနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက ပိုမိုအာရုံစိုက်ပါဝင်လုပ်ဆောင်လာနိုင်စေရန်၊ ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြား အသိအမြင်တိုးမြှင့်လာစေရန်နှင့် နိုင်ငံအတွင်း ပဋိပက္ခများ အမြန်ဆုံးလျှော့ချပြီး နိုင်ငံရေး၊ စီးပွားရေးများ ပိုမိုကောင်းမွန်တိုးတက်လာနိုင်စေမည့် ရေတိုရေရှည်လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးစကားဝိုင်းကို ကျင်းပပြုလုပ်ခြင်းဖြစ်သည်။




ငြိမ်းချမ်းရေးစကားဝိုင်းသို့ အလွှာစုံအစုအဖွဲ့အသီးသီးဖြစ်ကြသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော် အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း ကိုယ်စားလှယ် ၁၁၈ ဦး တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းဖွင့်ပွဲ အခမ်းအနားတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးကဏ္ဍကြီးများတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာဖော်ထုတ်ရန်လိုကြောင်း၊ ပဋိပက္ခလျှော့ချပြီး စီးပွားရေး၊ လူမှုရေးတို့ကို ရေတိုရေရှည် စီမံကိန်းများဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ ယနေ့စကားဝိုင်းမှ နိုင်ငံရေး၊ လုံခြုံရေးကဏ္ဍနှင့် စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့မှ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များကို ရလဒ်ဖော်ထုတ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုတိုးတက်အောင်မြင်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကဏ္ဍအသီးသီးမှ ထင်ပေါ်ကျော်ကြားသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များက ပိုမိုအာရုံစိုက်ပါဝင်လုပ်ဆောင်လာနိုင်စေရေးကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးအတွက် အကြမ်းမဖက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည်သာလျှင် ရေရှည်တည်တံ့မည်ဖြစ်ကြောင်းကို လူထုအကြား အသိအမြင်တိုးမြှင့်လာစေရန် ဆောင်ရွက်ပေးရန်နှင့် မီဒီယာများ၏ ငြိမ်းချမ်းရေးတွင် သတင်းမှန်များ ရောက်ရှိစေရေးအတွက် အရေးပါမှုများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲ Speaker များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်သူများအနေဖြင့် ခေါင်းစဉ်အလိုက် နက်ရှိုင်းစွာပါဝင်ဆွေးနွေးနိုင်စေရန် “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ”၊ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” ဟူ၍ ကဏ္ဍနှစ်ခုခွဲခြားပြီး စကားဝိုင်းပထမနေ့အနေဖြင့် “နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍ”တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆောင်ရွက်ကာ “ပဋိပက္ခလျှော့ချရေးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေါ်ရေး” ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က ဦးဆောင်ဆွေးနွေးသည်။ ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဆောင်ရွက်ပြီး “ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသည့်ကဏ္ဍ” ခေါင်းစဉ်ဖြင့် ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်လဲ့လဲ့သိန်းက ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူကိုယ်စားလှယ်အသီးသီးက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့်မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းမှ ရရှိလာမည့် အလွှာအသီးသီး၏ အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်သူများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လာစေကာ ၂၀၂၅ ခုနှစ်အလွန် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအခြေအနေများနှင့် လိုက်လျောညီထွေသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းကို မတ် ၂၄ ရက်မှ ၂၆ ရက်ထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်းနှင့် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုး



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မတ် ၂၄

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်းနှင့် ရတနာပုံဥယျာဉ်တွင် အရိပ်ရအပင်များစုပေါင်းစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဖွင့်ပွဲအမှတ်တရလက်ဆောင်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြို့တွင်းရှိလမ်းမကြီးကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြ အမှတ်အသားများပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရတနာပုံဥယျာဉ်၌ ကျင်းပသည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယိုးဒယားမျိုးကံ့ကော်ပင်များနှင့် စံပယ်ပင်များစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါး ပါဝင်စိုက်ပျိုးနေသူများကို နှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် ယနေ့စိုက်ပျိုးမှုတွင် ကံ့ကော်ပင် ၁၀၀ နှင့် စံပယ်ပင် ၁၀၀ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ စုပေါင်းသွေးလှူဒါန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် သွေးလှူရှင်များ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၂၄

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာတော်၊ သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ရှမ်းပြည်နယ် YMBA အသင်းမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြင်းများဆောင်ရွက်ပေးပြီး သတ်မှတ်နေရာ အသီးသီး၌ သွေးအလှူရှင် ၆၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက သွေးအလှူရှင်များ ကိုယ်စား သွေးအိတ်များကို နယ်မြေခံတပ်မတော် ဆေးရုံနှင့် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံသို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် မတ် ၂၄ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဦးဇော်ဇော်စိုးအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဇော်စိုးအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့်စစ်ရေးပြ စစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ် ၂၅၊ ၂၆ ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ရောင်စုံလိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်)လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုရား၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၂၄

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုရား၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုရား၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားဦးရေ ၃၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၂၃၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် မတ် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ဦးရေ ၃၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၂၃၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး အစရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ရာတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး(ရန်ကုန်)မှ Third Secretary Mr.Peter John V. Dela Fuente နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Third Secretary Mr.Heu-angchalern Phommasone နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင်လည်း မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားဦးရေ ၂၃၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၄၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၅၂၀၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာသက်လွင်<br>ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာခင်မောင်ဇော်<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ကြီးရွယ်အိုနှင့် ကလေးများအပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို မတ် ၂၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး သက်ကြီးရွယ်အိုနှင့် ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြား




ချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေ့ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အေးချမ်းစွာ နေထိုင်နေသည့် ဒေသခံပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများကို ခေါင်းစဉ်အမျိုးမျိုးပြ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကဏ္ဍ

# နေထိပန်းကလေးများ

## ကိုရွှေတောသား(ဆင်ကူး)



(၁)

''ဒီအရွယ်လေးတွေဆိုတာ စာသင်ခန်းထဲမှာ ရှိနေရမဲ့အရွယ်လေးတွေကွ"

ပန်းရန်ဆရာ ဦးငွေကြိုင်၏စကားကို မြင့်ထူးက အုတ်စီရင်း ခေါင်းညိတ်လိုက်သည်။ ဆောက်လုပ်ရေးဧရိယာအတွင်းရှိ ပလတ်စတစ် ကော်ဘူး၊ ကော်ခွက်များကို လိုက်ကောက်နေကြသည့် ဆယ်နှစ်ခန့်အရွယ်ကလေးနှစ်ယောက်ကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဩော် ဆရာရယ် သူတို့လေးတွေလဲ စာသင်ဖို့ထက် ဝမ်းရေးကပိုပြီး အရေးကြီးနေကြတာ ဖြစ်မှာပေ့ါ''

မဆလာဖျော်နေရင်း သန်းမြင့်က လှမ်းပြောသည်။

''ဒီကလေးတွေ ဘဝအရေးတွေးပြီး ရင်မောမိတယ် ဟင်း ''

ဦးငွေကြိုင်က ပြောလည်းပြော သက်ပြင်းမောကြီးတစ်ချက်ချလိုက်သည်"

''ငါ့ ကလေးတွေသာဆိုရင် ဒီလို ခိုင်းရက်မှာ မဟုတ်ဘူး''

ဦးငွေကြိုင်က ကလေးတွေကိုကြည့်ရင်း ပြောလိုက်သည်။

''ဆရာရယ် ကိုယ့်သားသမီးတွေကို အဲဒီလို ခိုင်းရက်ဖို့နေနေသာသာ၊ ခုချိန်ထိ ဈေးဝယ်တောင်မခိုင်းဘူး၊ ထမင်းစားပွဲလက်ဆေးပြီး ဝင်စားရုံပဲ။ ကျောင်းနဲ့စာ၊ စာနဲ့ကျောင်းပဲ လုပ်ခိုင်းထားတယ်လေ''

သန်းမြင့်က သူ့သားသမီးများကို ဤသို့ထားကြောင်း ပြောလေသည်။ သန်းမြင့်စကားကြောင့် ဦးငွေကြိုင်က ခေါင်းညိတ်ထောက်ခံသည်။

''ကျွန်တော် ငယ်ငယ်ကလဲ အဲဒီလိုမျိုးနဲ့ ဘဝကို ဖြတ်သန်းခဲ့ရဖူးတယ် ဆရာရေ။ အဲဒီတော့ ဒီကလေးတွေမြင်ရတာ စိတ်မကောင်းဘူး ကိုယ်ချင်းလဲ စာတယ်ဗျာ''

မြင့်ထူးက ကလေးနှစ်ယောက်ကို ကြည့်ရင်း ပြောလိုက်သည်။ မြင့်ထူးမျက်နှာ၌ ဝမ်းနည်းမှုအရိပ်အယောင်များ ပေါ်လွင်နေသည်။ မြင့်ထူးစကားကြောင့် ဦးငွေကြိုင်နှင့် သန်းမြင့်တို့နှစ်ဦး အံ့သြသွားကြသည်။ မြင့်ထူးကို စိုက်ကြည့်နေကြသည်။ မြင့်ထူးက သူ့စကားကိုဆက်လိုက်သည်။

''အမေက မုဆိုးမ၊ အဖေက ကျွန်တော်ငယ်ငယ်ကလေးထဲကဆုံးသွားတာ။ ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမတွေကလဲ အများကြီး။ ပြီးတော့ ကျွန်တော်ကအကြီးဆုံးဖြစ်နေတော့ အငယ်တွေကို ဦးစားပေးပြီး အကြီးဖြစ်တဲ့ကျွန်တော်ကပဲ အနစ်နာခံခဲ့ရတာ"

"ဟေ"

"ကျောင်းတောင်မူလတန်းပြီးဆုံးအောင် မတက်ခဲ့ရပါဘူး။ ရေးတတ်၊ ဖတ်တတ်ရုံပါပဲ။ လူကြီးတွေပြောကြတဲ့ သေစာ၊ ရှင်စာဖတ်တတ်ရုံပဲပေ့ါ။ ကျောင်းထွက်တော့ အသက်က ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်လောက်အရွယ်ကလေး။ ဒီအရွယ်က ဘယ်ကအလုပ်အကိုင်ရှာလို့ရနိုင်ပါ့မလဲ ဆရာရယ်။ ပြီးတော့ ဈေးရောင်း၊ ဈေးဝယ်လုပ်ရအောင်ကလဲ အရင်းအနှီးစိုက်ထုတ်စရာ ငွေကမရှိဘူးလေ။ အမေက ပုလင်းဒိုင်မှာ ပုလင်းဆေးတဲ့အလုပ်လုပ်တယ်ဗျ။ ဝင်ငွေကလဲထင်သလောက် မရပါဘူး။ အမေ့လုပ်စာနဲ့ အိမ်မှာက ကလေးတွေအများကြီးနဲ့ အဆင်မပြေခဲ့ဘူး။ နေရတဲ့အိမ်ကလေးကလဲ ပျက်စီးပြီးမပြင်နိုင်ဘူး။ စားရေး၊ သောက်ရေးကြတော့လဲ မဝရေစာပေ့ါဗျာ။ နောက်တော့ ပုလင်းဒိုင်မှာ နေ့စဉ်ပုလင်းလာလာရောင်းနေတဲ့အသိတစ်ယောက်က အမေ့ကိုအကြံပေးတာ။ ပလုံလိုက်ကောက်ပါလား။ အရင်းအနှီးလဲ စိုက်ထုတ်စရာမလိုဘူး။ ဘယ်လိုလုပ်ရတယ် ဘာညာပေ့ါဗျာ၊ အဲဒါနဲ့ ကျွန်တော်နဲ့အမေ သားအမိနှစ်ယောက် ပလုံလိုက်ကောက်ခဲ့ကြတယ်ဆိုပါတော့။ ဟင်း''

မြင့်ထူးကစကားပြောရင်း သက်ပြင်းမောကြီးတစ်ချက်ကိုလည်း ချလိုက်သေးသည်။ ဦးငွေကြိုင်နှင့် သန်းမြင့်က သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

''ပြောလို့သာပြောတာဗျ။ ပလုံကောက်တယ်ဆိုတာ နာမည်သာဆိုးတာ ရတဲ့ဝင်ငွေကမဆိုးဘူးဗျ။ အမေပုလင်းဆေးလို့ရတဲ့ နေ့စားခထက် နှစ်ဆသုံးဆရတာ။ ဒီကြားထဲ သားအမိနှစ်ယောက်ဆိုတော့ အဆင်ပြေသားဗျ။ အဲဒီလို ဝင်ငွေလေးကောင်းလာတော့ ပျက်စီးနေတဲ့ အိမ်ကလေးကိုလဲ ပြန်ပြင်နိုင်ခဲ့သလို ညီတွေ၊ ညီမတွေကိုလဲ အဝတ်အစားလေးတွေက အစဝယ်ပေးနိုင်ခဲ့တယ်။ သူတို့လေးတွေစားချင်တဲ့ အစားအသောက်လေးတွေလဲ ဝယ်ကျွေးနိုင်ခဲ့တယ်။ မိသားစုစားဝတ်နေရေးလဲ အဆင်လာကြတယ်ပေ့ါဗျာ''

''ခင်ဗျားဘဝကလဲ သနားစရာပါပဲလား ကိုမြင့်ထူးရာ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါနဲ့ ဘယ်ကနေဘယ်လို အခုလိုပန်းရန်အလုပ်ထဲ ရောက်လာတာလဲ''

သန်းမြင့်က စကားစဖြတ်ကာ မေးလိုက်သည်။ မြင့်ထူးက ဆက်ပြောသည်။

''ကျွန်တော် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အရွယ်ကဆိုပါတော့''

''ဩော်...''

သန်းမြင့်က မြင့်ထူးစကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်။

ဦးငွေကြိုင်ကလည်း ငြိမ်၍နားထောင်နေသည်။

''ကျွန်တော် လူပျိုပေါက်စအရွယ်ကလေးရောက်တော့မှ ကိုယ်နဲ့ သက်တူ၊ ရွယ်တူကောင်မလေးတွေမြင်ရင် ရှက်တတ်၊ ကြောက်တတ်လာတယ်။ ပြီးတော့ ကောင်မကလေးတစ်ယောက်ကို ကြိုက်မိရာက စခဲ့တယ်ဆိုပါတော့ဗျာ"

ဦးငွေကြိုင်က မြင့်ထူးစကားကြောင့် သဘောကျစွာပြုံးသည်။ သန်းမြင့်က ငြိမ်ပြီး နားထောင်နေခဲ့သည်။

ကျွန်တော့်အသက် ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်လောက်ကပေ့ါဗျာ''

''ဩော်...''

ဦးငွေကြိုင်နှင့် သန်းမြင့်တို့နှစ်ဦးက မြင့်ထူး၏စကားကိုထောက်ခံကြရင်း ဆက်၍နားထောင်နေသည်။

''ကိုယ့်ကိုယ်ကိုယ်လဲ သိမ်ငယ်စိတ်တွေ အားငယ်စိတ်တွေဝင်လာတော့တာပဲ၊ ကောင်မကလေးကို ချစ်ပေမဲ့ ကိုယ့်ဘဝနဲ့ကဘယ်လိုမှမဖြစ်နိုင်ဘူးလေ။ အထူးသဖြင့် ဆင်းရဲတာ၊ ချမ်းသာတာ လူတွေရဲ့အသိစိတ်မှာ ပလုံကောက်သမားဆိုတာနဲ့ကို လုံးဝဆန့်ကျင်ဘက်ဖြစ်နေကြတာ''

''ဟုတ်တာပေ့ါ မြင့်ထူးရာ''

ဦးငွေကြိုင်က မြင့်ထူး၏စကားကို ထောက်ရင်း ခေါင်းညိတ်သည်။

''အဲဒီအချိန်မှာ ကျွန်တော် ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်လဲ စဉ်းစားတယ်။ တကယ်တော့ ပလုံကောက်တယ်ဆိုတာကလဲ အပြစ်ကင်းစင်တဲ့ သမ္မာအာဇီဝကျတဲ့ အလုပ်ပါပဲ။ ဒါပေမဲ့ လူမှုပတ်ဝန်းကျင်ရဲ့ အမြင် အရှက်သိက္ခာတွေ၊ ယုံကြည်မှုတွေ၊ အယူဝါဒအစွဲတွေနဲ့ တွေးကြတော့ လုံးဝမတင့်တယ်တဲ့ အလုပ်ဖြစ်နေတာပေ့ါ''

''ဟုတ်တာပေ့ါ ကိုမြင့်ထူးရာ''

သန်းမြင့်က ထောက်ခံလိုက်သည်။

'' အဲဒါကြောင့် ပလုံကောက်တဲ့အလုပ်ကို မလုပ်တော့ဘဲ ပန်းရန်ထဲဝင်လုပ်ခဲ့တယ်လေ။ ပန်းရန်လုပ်ခါစကတော့ သိတဲ့အတိုင်း အလုပ်ကြမ်းပေ့ါဗျာ။ နောက်တော့ တစ်စတစ်စနဲ့ ကျွမ်းကျင်လာတယ်''

''အဲဒီမိန်းကလေးနဲ့ကော ဘယ်လိုဖြစ်သွားလဲ''

သန်းမြင့်ကမေးသည်။ မြင့်ထူးက ခေါင်းခါရင်း ပြန်ဖြေသည်။

''ဘယ်ကလာ ပြန်ကြိုက်ဖို့နေနေသာသာ လူရာသွင်းပြီးတော့တောင် မဆက်ဆံခဲ့ပါဘူးဗျာ။ အပြတ်အသတ်ကို အငြင်းခံခဲ့ရတာ''

''ပလုံကောက်သမားတစ်ယောက်လိုပဲ မြင်နေတုန်းနေမှာပေ့ါ''

ဦးငွေကြိုင်က ကြားဖြတ်ပြီးပြောလိုက်သည်။

''ဟုတ်တာပေ့ါ ဆရာရယ်။ အတိတ်ဆိုတာကလဲ အလွယ်တကူ ပြောင်းလဲလို့မှမရတာ။ ပြီးတော့ အဆင့်အတန်းတွေ၊ ဂုဏ်ပကာသနတွေကလဲ ကွာခြားနေတာကိုး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကျေနပ်ပါတယ်။ သူ့ကြောင့်သာ ကျွန်တော့်ဘဝကို အခုလို ဂုဏ်သိက္ခာရှိရှိနေနိုင်အောင် ပြောင်းလဲသွားခဲ့တာ။ ပြီးတော့ ကျွန်တော့်ညီတွေ၊ နှမတွေကလဲအရွယ်ကလေးတွေရောက်လာကြတော့ ရှက်တတ်၊ ကြောက်တတ်လာကြတယ်။ ကျွန်တော့်ကို အဲဒီပလုံကောက်တဲ့အလုပ်ကို မလုပ်စေချင်ကြတော့ဘူးလေ ''

''ဟုတ်တာပေ့ါ မြင့်ထူးရာ''

ဦးငွေကြိုင်က မြင့်ထူးစကားကို ထောက်ခံလိုက်သည်။ သန်းမြင့်ကလည်း ခေါင်းညိတ်လေသည်။

'' ဒါပေမဲ့ ကျွန်တော် ဘဝမမေ့ပါဘူးဗျာ။ ပြီးတော့ ခုလို အဲဒီလိုမြင်ကွင်းတွေမြင်ရရင်လဲ ကိုယ်ချင်းစာတယ်၊ သနားလဲသနားတယ်။ သူတို့ကလေးတွေလဲ ပလုံကောက်တဲ့အလုပ်ကို ဘယ်လုပ်ချင်ကြလေမလဲဗျာ။ မလွှဲသာလို့သာလုပ်နေကြတာဖြစ်မယ်။ သူတို့လေးတွေလဲ အခြားကလေးလေးတွေလို အဖြူအစိမ်းဝတ်စုံကလေးတွေဝတ်ပြီး ကျောင်းတက်ချင်ရှာမှာပေ့ါ''

ဝမ်းနည်းပန်းနည်းပြောလိုက်သည့် မြင့်ထူးစကားကြောင့် ဦးငွေကြိုင်နှင့် သန်းမြင့်လည်း စိတ်မကောင်းဖြစ်ကြရသည်။ သက်ပြင်းမောကြီးများ ချမိကြသည်။

(၂)

''ဟေ့ ဟေ့ ကလေးတွေ အဲဒါတွေ မယူရဘူးလေ ''

အမှတ်မထင် အော်ပြောလိုက်သည့် သန်းမြင့်စကားကြောင့် ဦးငွေကြိုင်နှင့် မြင့်ထူးတို့မှာ ကလေးနှစ်ယောက်ကို လှမ်း၍ကြည့်လိုက်မိကြသည်။

''ဟင်''

''ဟာ''

နှစ်ယောက်သား အံ့သြသွားရသည်။ အုတ်ဖိနပ်တွင် အသုံးပြုရန်ဝယ်ယူထားသည့် သံကျင်တွယ်ချောင်းများကို ကလေးနှစ်ယောက်က သူတို့လှည်းပေါ် တင်နေကြသည်။ သန်းမြင့်က ပြောပြောဆိုဆိုပင် ကလေးနှစ်ယောက်၏ပလုံလှည်းအနားသို့ အပြေးကလေး ရောက်သွားသည်။ ကလေးနှစ်ယောက်မှာ တည်တည်ကြီး ရပ်လျက် ကြောက်လန့်သွားကြဟန်ရှိသည်။ ဦးငွေကြိုင်နှင့် မြင့်ထူးတို့လည်း သူတို့အနားသို့ ရောက်လာသည်။

'' မင်းတို့ ပလုံကောက်ရင် ပလုံပဲကောက်လေကွာ ဒီသံချောင်းတွေ ယူသွားစရာလား''.

သန်းမြင့်က ကလေးနှစ်ယောက်ကို ဒေါသသံဖြင့် အော်ပြောနေသည်။ ကလေးနှစ်ယောက်က ဘာမျှပြန်မပြောဘဲ သူတို့သုံးယောက်ကို မျက်နှာငယ်ကလေးများဖြင့် ကြည့်နေသည်။

'' ကဲ ကဲ တော်ပါတော့ကွာ''

ဦးငွေကြိုင်က သန်းမြင့်ကိုတော်ခိုင်းလိုက်သည်။

''သားတို့က ဘယ်ကနေ လာကောက်ကြတာလဲ''

ဦးငွေကြိုင်က ကလေးနှစ်ယောက်ကို မေးလိုက်သည်။

''ရှားတောကွက်သစ်ကပါ ဘဘ''

စာမျက်နှာ ၂၅ သို့ ➤

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၇၀၉၅ ကေထိနုတ်သိမ်းပြီးစီးပြီဖြစ်



**ကောလင်း မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ၇၀၉၅ကေထိနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၁၈၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၅၂၆ ကေနှင့် ပင်လည်ဘူးမြို့နယ်တွင် ၃၅၆၉ ကေ စုစုပေါင်း ၇၀၉၅ ကေ နုတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၆၈ ဒသမ ၉၁ တင်းထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၃၁၈၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့မှာ ၇၀၉၅ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

မြေပဲအထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်သူက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလက သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း သီးထပ်ရင် စပါးအမျိုးအစားတင်းရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ သီးထပ်ရင်စပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အား တက်လာတာဖြစ်ပါတယ်" ဟု ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်သူက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ကလေးနှစ်ယောက်က ပြန်ဖြေသည်။

"ဩော်...အေးပါ။ပလုံကောက်တာတော့ ကောက် ကြပေါ့ကွယ်။ ဒါပေမဲ့ သူတစ်ပါး ဥစ္စာပစ္စည်းကိုတော့ ပိုင်ရှင်မပေးဘဲ ခုလို မယူရဘူး သားတို့ရဲ့"

"ဟုတ်ကဲ့ ဘဘ"

ကလေးနှစ်ယောက်က ကြောက်လန့်နေဟန်ရှိပြီး အသံများပါ တုန်ယင်နေသည်။

"သား အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်နှစ်နှစ်"

"သားကကော"

"ဆယ့်လေးနှစ်"

ဦးငွေကြိုင်က ကလေးနှစ်ယောက်ကို တစ်ခုပြီး တစ်ခုမေးသည်။

"ကျောင်းကော တက်ကြရရဲ့လား "

ကလေးနှစ်ယောက်က ပြိုင်တူခေါင်းခါသည်။ ကလေးနှစ်ယောက်ကိုကြည့်ကာ မြင့်ထူးသက်ပြင်းချသည်။ ဦးငွေကြိုင်က ဆက်ပြီး မေးနေသည်။

"သားတို့ အဖေအမေတွေက သားတို့ကိုကျောင်းမထားပေးကြဘူးလား "

"ဟင့်အင်း သားတို့မှာ အဖေအမေတွေမရှိတော့ဘူး။ သားတို့က မွေးစားအဖေအမေတွေနဲ့နေရတာ၊ သားတို့ကိုကျောင်းလဲထားမပေးဘူး"

"ဟေ"

ကလေးနှစ်ယောက်၏ စကားကိုနားထောင်ရင်း မြင့်ထူးဝမ်းနည်းမိသည်။ သန်းမြင့်ကလည်း သနားနေသည်။

"သားတို့လဲ ကျောင်းတက်ချင်တယ်။ ဒါပေမဲ့ သားတို့မှာ ကျောင်းမတက်ရဘူး။ တစ်နေ့တစ်နေ့ ပလုံပဲကောက်ခိုင်းတယ်။ ပလုံများများရအောင်ကောက်ရတာ နည်းတဲ့နေ့တွေဆိုရင် အဆူခံရတယ် ဘဘရဲ့"

"ဟေ"

ကလေးနှစ်ယောက်၏ အဖြေစကားကြောင့် ဦးငွေကြိုင်သနားသွားသည်။ မြင့်ထူးနှင့် သန်းမြင့်က ကလေးနှစ်ယောက်ကို ငေးကြည့်နေကြသည်။ ကလေးနှစ်ယောက်က သူတို့ဘဝအကြောင်းကို ပြောပြသည်။

"သားတို့လဲ ပလုံကောက်တဲ့အလုပ်ကို မလုပ်ချင်ပါဘူး ဘဘရယ်။ ရှက်ဖို့လဲကောင်းတယ်"

"ဖြစ်ရလေ ကလေးတို့ရယ်"

ဦးငွေကြိုင်က စိတ်မကောင်းစွာ ပြောသည်။

"ဟော ဟိုးမှာ တွန်းလှည်းနဲ့လာနေတာ သားတို့ မွေးစားအဖေ၊ အမေတွေ သားတို့သွားတော့မယ်နော်။ တော်ကြာ သားတို့ကို ဆူနေအုံးမယ်"

ပလုံကောက်သည့် မိသားစုကလေးကို သူတို့သုံးယောက်သား ငေးကြည့်နေမိကြသည်။ လှည်းပေါ်၌ ပလတ်စတစ်ကော်ဘူး၊ ကော်ခွက်များ၊ စက္ကူချပ်ဖာများ၊ ပုလင်းခွံများ ပြည့်သိပ်နေသည်။ ကလေးနှစ်ယောက်က သူတို့ကောက်ယူကာ ရရှိထားကြသည့် ပလတ်စတစ်ကော်ဘူး၊ ကော်ခွက်များကို သူတို့မွေးစားမိဘများ၏ တွန်းလှည်းပေါ်သို့ တင်ပေးလိုက်သည်။ ခဏကြာသည့်အခါ တစ်လမ်းဆီခွဲကာ တွန်းလှည်းကလေးကိုတွန်းလျက် ပလုံဆက်၍ကောက်နေကြတော့သည်။ ပလုံကောက်သည့် ကလေးနှစ်ယောက်ကိုကြည့်လျက် သူတို့သုံးယောက်သား သက်ပြင်း ကိုယ်စီချနေမိကြပါတော့သည်။ ။

## ဘဝတစ်သက် ချစ်လက်ဆောင်

– မင်္ဂလာပါ နှုတ်ချိုမြိန်နဲ့
နေ့စဉ်ဘဝ ဖြတ်သန်းမယ်၊
မေတ္တာမှန် စိတ်ထားကောင်းတို့
ကိန်းအောင်းရင်ဝယ်၊
ဆက်ဆံကြ လူ့ဘောင်နယ်
ချစ်ကြိုးလှယ် လူအချင်းချင်း၊
မနာလို ဝန်တိုကင်းလို့
ကောင်းသတင်းတွေခင်း။

– ရိုးသားစွာ ဖြတ်သန်းရင်း
ဖြူစင်ခြင်း အလှကိုဆင်၊
ကိုယ်ချင်းစာ အသိမြဲတော့
လမ်းလွဲရာမြင်၊
ဖြောင့်တန်းလို့ ခရီးစဉ်
ရလဒ်ကောင်းထင် စဉ်ချောမွေ့၊
ရည်မှန်းရာ လမ်းထွင်ဖောက်ရင်း
ပြည့်မြောက် ချမ်းမြွေ့။

– အပြန်အလှန် ချစ်ခြင်းဖွဲ့တော့
ကိုယ့်အလှည့် ရောင်ပြန်သွယ်၊
မေတ္တာသည် တုံ့တင်မနေး
ကြေးမုံမှန်နှယ်၊
ဆုံစည်းရ ဘဝဝယ်
ခဏရယ် ရေတစ်ပွက်၊
ကောင်းဆိုး အလီလီ
ကြောင်းကျိုးမညီ ဘဝလမ်းမှာ
အတ္တမှောင် ပိတ်လှောင်မလွှမ်းဘဲ
စိတ်ဝမ်းညီ လှုဂုဏ်သင်းကာဖြင့်
တစ်သက်တာ လက်ဆောင်နှင်းစို့ရယ်
ချစ်ခြင်းပြိုင် ကိုယ်စီခင်း
လှမ်းနင်း ရှေ့ဆက်။ ။

**ခိုင်ခိုင်နွယ် (ပညာရေး)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြောင်းနေတာကိုကောင်းအောင်ကြိုးစားပြောင်းကြရမှာ

**သတင်းစာဆရာတစ်ဦး**

**"စနစ်တစ်ခုကိုပြောင်းချင်ရင် လူထုအာဘော်ကို ပထမ ဖန်တီးရမယ်"**

**ဒါဟာ တော်လှန်ခဲ့တဲ့ လူတန်းစားအတွက်လဲ မှန်ကန်တယ်။ တန်ပြန်တော်လှန်ရေးလူတန်းစား အတွက်လဲ မှန်တယ်"**

**မော်စီတုံး(၁၈၉၃-၁၉၇၆)**
**(၁၉၆၂ ရေးသားချက်မှ)**

**သမိုင်းကိုသိမှ၊ အတွေးအမြင်ရှိမှ**

အခြေခံသဘောတရားအတိုင်း လုပ်ဆောင်တတ်တော့ ချောမောလွယ်ကူတာပေါ့။ ပုစ္ဆာတိုင်းမှာ အဖြေမှန်ရှိပါတယ်။ မကြာသေးခင်က မြန်မာနိုင်ငံမှာ ဆူပူထကြွခဲ့ကြတဲ့ လှုပ်ရှားမှုအချို့ပေါ်ပေါက်ခဲ့တယ်။ တိုင်းဒေသကြီးတွေသာမက ပြည်နယ်အချို့ထိ လက်နက်ကိုင်ပုန်ကန်တိုက်ပွဲများ ဖြစ်ပွားခဲ့တယ်။ ဒါဟာ ထာဝရမကြာမြင့်နိုင်ပါ။ တို့မီးရှို့မီး မှိုင်းတိုက်မှုကြောင့် ပွဲပြီးမီးသေအနေနဲ့သာ တဒင်္ဂအချိန်ကာလအတွင်းမှာပဲ ချုပ်ငြိမ်းပျောက်ကွယ်သွားမှာကတော့ သဘာဝပါပဲ။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ် မဆိုလိုပါဘူး။ တော်လှန်ရေးအောင်မြင်ချင်ရင် တော်လှန်ရေးခေါင်းဆောင်တွေဟာ ပညာတတ်ဖြစ်ဖို့၊ ပညာပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်ဖို့ အရေးတကြီးလိုအပ်တယ်လို့ ကျူးဘားနဲ့တောင်အမေရိကမှာ အရင်းရှင်နယ်ချဲ့ကျူးကျော်မှုကို လူ ၁၄ ယောက်လောက်နဲ့ တွန်းလှန်တော်လှန်ပြခဲ့တဲ့ (ဆေးကျောင်းဘွဲ့ရဆရာဝန်)တော်လှန်ရေးခေါင်းဆောင် ဘာနက်စထိုချေဂွေဗားရာက ရေးသားခဲ့တယ်။

တော်လှန်ရေးအမည်တပ်ပေမယ့် အခြေခံလူတန်းစားအကျိုး၊ ပြည်သူအများထုအကျိုး၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး မျှော်မှန်းချက်ဆိုလို့ တစ်ကြောင်းတစ်လေတောင်မပါတဲ့ လက်နက်ကိုင်သောင်းကျန်းမှုဟာ လူသတ်၊ ဆက်ကြေးကောက်၊ တံတားချိုးဖျက်၊ တာဝါတိုင်မိုင်းခွဲ၊ ရွာမီးရှို့၊ ကျောင်းတွေ၊ ဆေးခန်းတွေ ဖျက်ဆီးနဲ့ ပြည်သူတွေနဲ့ ဝေးကွာရာမှ ပို၍ပို၍ ကွာဝေးချုပ်ငြိမ်းသွားမှာ ဗေဒင်မေးစရာမလိုပါ။

ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကြောင်းဖြစ်စေ၊ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်းကိုဖြစ်စေ၊ နောက်ခံသမိုင်းနဲ့ ပထဝီနိုင်ငံရေးကို နားမလည်ဘဲ နိုင်ငံရေးလှုပ်ရှားရင် အမှားနွံထဲနစ်တတ်တယ်။ သမိုင်းမသိရင် အတတ်တယ် ပြောတာပဲ။

အာရောဂျာပရမာလာဘာတဲ့။ အာရောဂျံပရမံလာဘံလို့လဲ အချို့ကမှတ်သားဖူးပါလိမ့်မယ်။ အနာရောဂါကင်းရှင်းခြင်းဟာ မြတ်တဲ့လာဘ်တစ်ပါးပါပဲတဲ့။ လူဆိုတာက တကယ်တော့ ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းထားတာမဟုတ်လား။ ဖောက်ပြန်ပျက်စီးတတ်တဲ့ ရုပ်(ရူပက္ခန္ဓာ)၊ အကောင်အထည်မမြင်ရတဲ့ နာမ်များဖြစ်ကြတဲ့ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ ပြုပြင်စေ့ဆော်မှုသင်္ခါရ၊ သိခြင်းသဘောရှိတဲ့ ဝိညာဏ်၊ လူကြီးသူမတွေ တရားဆွေးနွေးနေကျမို့ သိပြီးသားတွေဖြစ်မှာပါ။ ရုပ်ရှိတော့ဝေဒနာရှိတယ်။

ခံစားမှုသဘောသာမက ရောဂါဝေဒနာလဲ အမျိုးမျိုးရောက်လာတတ်ကြတယ်။ မဖိတ်ခေါ်ဘဲ မိမိဆီရောက်လာတာတွေကို တုံ့ပြန်တွန်းလှန်ဖို့ ရောဂါကုထုံးတွေနဲ့ ကုသပျောက်ကင်းအောင် ဖြေရှင်းကြရပါတယ်။ Therapy(သယ်ရာဗီ) ရောဂါကုထုံးတွေ သင့်တော်ဆီလျော်ရာအမျိုးမျိုးပေါ့။ ဥပမာ အနည်းငယ်ဖော်ပြပါရစေ။

၁။ Aromatherapy= ဆီမွှေးဖြင့်လိမ်းသပ်နှိပ်နယ်ရနံ့ပေးခြင်းဖြင့် ရောဂါပျောက်ကင်းစေခြင်း။

၂။ Chemotherapy= ဓာတုကုထုံး၊ ဓာတ်ကင်ခြင်းဆိုတာမျိုးတွေအပါအဝင်။

၃။ Electrotherapy= လျှပ်စစ်ဓာတ်ဖြင့် ရောဂါကုသခြင်း။

၄။ Grouptherapy= အုပ်စုသင်းဖွဲ့ဖြင့် တစ်ဦးကိုတစ်ဦး ပြန်လှန်ဖေးမကူညီကြသော စိတ်ဓာတ်ရေးရာကုထုံး။

၅။ Hyprotherapy= အိပ်မွေ့ချကုထုံး။

၆။ Immunotherapy= ခုခံအားကိုလှုံ့ဆော်ပေးခြင်းအားဖြင့် ရောဂါများကိုကာကွယ်ကုသခြင်း။

၇။ Occupational therapy= အလုပ်ပေးကုထုံး။

**❖ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ဝန်ဆောင်မှု၊ ဘေးမသန်းဘဲ အေးချမ်းလုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု။ ဒါတွေကို ကောင်းအောင်ပါဝင်ပြောင်းလဲရမယ် မဟုတ်လား။ ဘေးရှောင်နေလို့ရမလား။ အချောင်ခိုနေလို့သင့်မလား။ တို့တိုင်းပြည် မဟုတ်ဘူးလား။ တိုင်းပြည်နဲ့လူမျိုးကို ဆင်းရဲမွဲတေရာမှ ငတ်မွတ်နိမ့်ကျပြီး တိုင်းတစ်ပါးလက်ဝေခံ(ကြိုးဆွဲရာကရတဲ့) အချယ်လှယ်ခံဘဝထိ ကျရောက်စေမယ့် နိုင်ငံရေးကို လေထဲကပဲ လှုံ့ဆော်နေကြသူများကို ဆက်လက်အားပေးနေဦးမလား။ ပြောင်းကြရမှာကို မြင်သင့်ပါပြီ။❖**

၈။ Physiotherapy= ကာယလေ့ကျင့်ခန်းကုထုံး။

၉။ Psychotherapy= စိတ်ရောဂါကုထုံး

၁၀။ Logotherapy(လိုဂိုသာရာပီ)ဘဝတန်ဖိုးကိုရှာဖွေတဲ့ကုထုံး၊ လူတွေရဲ့ သူ့ရည်မှန်းချက်ရှာဖွေတွေ့ရှိအောင် ဆွေးနွေးကူညီပေးခြင်း (Logotherapy နည်းနာတစ်မျိုးမှာ ဂျပန်၌ Ik Guy အိကိဂိုင်ခေါ် ဘဝနေနည်း ၁၀ ချက်စသဖြင့် ရှိကြပါတယ်။)

(က) တက်တက်ကြွကြွနေပါ

(ခ) ဖြည်းဖြည်းသက်သာလုပ်ပါ စသည်

ဟာဗျာ ဘာတွေလဲ။ များလှချေလား။ ပြဿနာတစ်ရပ်ရဲ့အဖြေကို ထုတ်ဖော်ရာမှာ တွက်နည်းတွေအများကြီးပဲရှိနေကြတယ်။ ရောဂါနဲ့ဆေးတည့်အောင် မပေးတတ်ဘဲ သမားတုသမားယောင်တွေကို ရှောင်တတ်ဖို့လိုတယ် ဆိုလိုရင်း။

အသီးချိုတဲ့သရက်ပင် မျိုးပင်မှန်စေ၊ ခါးသက်တဲ့ ခွေးတောက်ပင်နဲ့ နီးကပ်စွာစိုက်ထားမိလို့ အမြစ်ချင်းထိယှက်မိကြလေတော့ သရက်ပင်မင်းသီးချိုကင်းသတဲ့။ အခြားအပင်တွေလိုမချိုတော့ဘူး။ ဒါကြောင့် အပေါင်းမမှားဖို့လိုတယ်။ ဒေဝဒတ်ကို အဟုတ်မှတ်ကာ ဆရာတင်မိတော့ ရာဇဂြိုဟ်ပြည်မှာ မင်းပျိုမင်းလွင်အဇာတသတ်ဟာ ဖခင်ဘုရင်ဗိမ္ဗိသာရကို အကြည်အသာချစ်ခြင်းကြီးမားစွာ သားတော်ကို ထီးနန်းလွှဲအပ်ပေးပါလျက်နဲ့ ခြေဖဝါးဓားနဲ့ခွဲ၊ ဆားရည်လောင်း(လမ်းလျှောက်လို့ ထောင်ထဲမှာ အစာငတ်ထားတာတောင် မသေနိုင်ဘဲ ကျန်းမာကြံ့ခိုင်နေလို့၊ လမ်းမလျှောက်နိုင်အောင် ခြေထောက်နှစ်ဖက်စလုံး ဒဏ်ရာအနာတရကြီးကြီးမားမားရအောင် နှိပ်စက်၊ ထောင်သွင်းအကျဉ်းထားကာ သေစေခဲ့တယ်)ဖခင်ခမည်းတော်ကိုပင် လုပ်ကြံသတ်ဖြတ်တဲ့ထိ မိုက်မှားမိဖူးခဲ့တယ် မဟုတ်လား။

ဆရာအတင်မှားလို့ နိုင်ငံရေးအမြင်လွဲချော်၊ လက်နက်ကိုင်လူသတ်၊ ဓားပြတိုက်၊ ကျောင်းတွေ အိမ်တွေမီးရှို့ပြာချ။ တိုင်းတစ်ပါးက သူတို့လူတစ်ယောက်မှ ခြင်တောင်အကိုက်မခံရဘဲ တိုင်းရင်းသားချင်းသွေးချင်းချင်းရဲ(ခြင်းတောင်းထဲကကြက်ချင်းခွပ်နေသလို)အိမ်ကြက်ချင်း ညီအကိုတစ်မိတည်းပေါက်ကြက်ဖနှစ်ကောင်အိုးမဲသုတ်၍ ခွပ်အောင်လုပ်ခဲ့တာခံခဲ့ရပြီ။

ဥစ္စာနည်းပါး၊ ဆင်းရဲနွမ်းပါးသောအခါ ဘဝကနိမ့်ကျရပါရဲ့။ ပညာနည်းပါး၊ အသိအမြင်ချို့တဲ့ပညာမဲ့ကြတဲ့ဘဝမှာတော့ ဒီတစ်ဘဝသာမက နောင်သံသရာအနာဂတ်ဘဝများစွာထိ ဆက်ကာဆက်ကာ ဝဋ်ကြွေးပေးဆပ်ဒုက္ခခံရမယ့် မှားယွင်းမှုတွေကို လူငယ်အချို့ပြုခဲ့မိကြတယ်။ လက်ငင်းဘဝမှာပင် ခြေပြတ်လက်ပြတ်ဒုက္ခိတဘဝ ကျရောက်ရတယ်။ ကံ ကံရဲ့အကျိုးက ချက်ချင်းသိသာတယ်။ မတတ်တတတ်နဲ့ လူအများသေစေရန် မိုင်းထောင်တဲ့လူဟာ လက်ချောင်းတွေမိုင်းကွဲပြီး သွေးသံရဲရဲပြတ်ကျသွားရတယ်။

"ဘယ်လိုနေထိုင်မှ ချမ်းသာရမှာလဲဘုရား" အာဠဝကနတ်ဘီလူးကမေးတာကို ဘုရားရှင်တော်မြတ်က ဖြေတော်မူတယ်။

"ဓမ္မော သုစိဏ္ဏော သုခေါ"

ငါးပါးသီလစောင့်ထိန်းခြင်း၊ သုစရိုက် ၁၀ ပါးကုသိုလ်ကမ္မပထတရားတို့ကို လုပ်ဆောင်ရင် ချမ်းသာပါမယ်။ (ဒုစရိုက်တွေ လုပ်နေသမျှဆင်းရဲမယ်၊ မွဲနေမယ်)

"ဘယ်လိုအသက်မွေးနည်းက အကောင်းဆုံးလဲ အရှင်ဘုရား"

"ပညာနဲ့ အသက်ရှင်သန်အောင်မွေးတာဟာ အကောင်းဆုံးပဲ။ အသိပညာ၊ အတတ်ပညာ။ ပညာဆိုတာ ရှောင်သင့်တာရှောင်၍ ဆောင်သင့်တာဆောင်ခြင်းပါပဲ"

"ပညာကို ဘယ်လိုရနိုင်ပါသလဲဘုရား"

- ပညာကိုလိုလိုချင်ချင် နာယူမှတ်သားချင်စိတ်
- မြင့်မြတ်ဖြူစင်သူကို ယုံကြည်လေးမြတ်မှု
- ဟောကြားတဲ့တရားကို ယုံကြည်ဆည်းပူးမှု
- ဆင်ခြင်လိုက်နာမှု

ဒီအချက်တွေပြည့်စုံသူမှာ ပညာစွမ်းအားတိုးတက်မြင့်မားတယ်တဲ့ ဖြေကြားတော်မူပါတယ်။

ထလေဘ့မြန်မာ အိုမြန်မာတို့
တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
ရေချိုသောက်ရန်၊ မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား၊ များလည်းများ၏
များပါလေလဲ၊ တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
မြင်သာမြင်ရ၊ မစားရ၍
တောကပြိတ္တာ ဖြစ်မည်တည်း။

**ဇော်ဂျီ(၁၉၀၇-၁၉၉၀)**
**(တို့တိုင်းပြည်ကဗျာ-၁၉၃၅)**

ဆရာဇော်ဂျီ(ဦးသိန်းဟန်) အသက်အရွယ် ၂၈ နှစ်ကျောင်းဆရာပေါက်စ လူငယ်ဘဝကရေးခဲ့သောကဗျာလေးသည် နှစ်ပေါင်း ၉၀ ကြာခဲ့ပါသော်လည်း မိမိတို့ဘဝအခြေအနေကား မထူးခြားသလိုပါပဲလား။

ဘယ်မပြောင်းလဲဘဲနေမှာလဲ။ အဲဒီကဗျာရေးဖွဲ့တဲ့ ၁၉၃၅ ခုနှစ်က မွေးဖွားခဲ့ကြသူတွေဟာ အသက် ၉၀ ထိ မနေနိုင်ကြတော့ဘဲ အများစုဟာ ကွယ်လွန်သွားခဲ့ကြပါပြီ။

လွတ်လပ်ရေးခေတ်၊ ဖဆပလခေတ်၊ သန့်ရှင်းခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နယက တပ်မတော်အုပ်ချုပ်မှုကာလ၊ ပါတီစုံဒီမိုကရေစီခေတ်၊ ပြည်ခိုင်ဖြိုးအစိုးရခေတ်၊ NLDပါတီခေတ်၊ ယနေ့ခေတ်။

မိမိတို့နိုင်ငံချမ်းသာပြီလား၊ ဆင်းရဲတုန်းလား။ ဘာမှမပြောလို့။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တား၊ နှောက်ယှက်၊ ဖျက်ဆီးတဲ့ အဓိကထောင်ချောက်သဖွယ်ဖြစ်တဲ့ ချောက်ကြီး ကျင်းကြီးတွေ လေးမျိုးရှိတယ်တဲ့။

ကမ္ဘာကျော်စီးပွားရေးပညာရှင် ပေါလ်ကိုလီယာ (Paul Collier)ဆိုသူက ရေးဖူးပါတယ်။ ဒီနေရာမှာ အကျယ်မဖော်ပြသာပါ။ ဆက်လက်လေ့လာချင်သူများ "THE BOTTOM BILLION" ဆိုတဲ့ စာအုပ်ကို ဖတ်ရှုနိုင်ပါတယ်။ မိတ်ဆက်သဘောရေးသားတဲ့ စာရေးဆရာမဂျူးက "**အောက်ခြေသန်းတစ်ထောင်**" ဆိုတဲ့စာအုပ် ၂၀၁၃ ခုနှစ်က ရေးခဲ့ဖူးပါတယ်။

၁။ ပြည်တွင်းစစ်ပဋိပက္ခ

၂။ သဘာဝသယံဇာတ

၃။ ဆိုးဝါးတဲ့အိမ်နီးချင်းကြားပိတ်မိခြင်း

၄။ စီမံအုပ်ချုပ်မှုညံ့ဖျင်းမှု

နိုင်ငံရေးဆိုတာ လေထဲမှာရှိတာမဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ လူတွေကြားမှာပဲရှိတယ်။ စားဝတ်နေရေးဆိုတဲ့ စီးပွားရေးနဲ့ဆက်စပ်တယ်။ စီးပွားရေးတည်ဆောက်ဖို့ ဘာမှခိုင်ခိုင်မာမာလုပ်ဆောင်မပြနိုင်ဘဲ နိုင်ငံကိုဖျက်ဆီးဖို့ရာ သက်သက်သာမျက်လှည့်ပြပြီး လိမ်ညာတဲ့အမှားအလွဲ မျှော်လင့်ချက်နဲ့ မီဒီယာလှိုင်း မှိုင်းတိုက်သွားတဲ့အုပ်စုကို ထားရစ်ခဲ့တော့။

စားဝတ်နေရေးချောင်လည်မှ ကျန်းမာရေး၊ ပညာရေး၊ ပျော်ရွှင်ရေးဖြစ်နိုင်ကြမှာပေါ့။ စားဝတ်နေရေးဆိုတာ စီးပွားရေးလေ။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ဝန်ဆောင်မှု၊ ဘေးမသန်းဘဲ အေးချမ်းလုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု။ ဒါတွေကို ကောင်းအောင်ပါဝင်ပြောင်းလဲရမယ် မဟုတ်လား။ ဘေးရှောင်နေလို့ရမလား။ အချောင်ခိုနေလို့သင့်မလား။ တို့တိုင်းပြည်မဟုတ်ဘူးလား။

တိုင်းပြည်နဲ့လူမျိုးကို ဆင်းရဲမွဲတေရာမှ ငတ်မွတ်နိမ့်ကျပြီး တိုင်းတစ်ပါးလက်ဝေခံ(ကြိုးဆွဲရာကရတဲ့) အချယ်လှယ်ခံဘဝထိ ကျရောက်စေမယ့် နိုင်ငံရေးကို လေထဲကပဲ လှုံ့ဆော်နေကြသူများကို ဆက်လက်အားပေးနေဦးမလား။ ပြောင်းကြရမှာကိုမြင်သင့်ပါပြီ။

# တမူးခရိုင်တွင် နေကြာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၂၅ ဒသမ ၃၆ တင်းထွက်ရှိ



**တမူး မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် နေကြာကေအားလုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၅ ဒသမ ၃၆ တင်းထွက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၂၃၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၃၂၃၄ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာစိုက်ကြပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် နေလှန်းဆား ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကထားတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါရတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဟုမ္မလင်းမြို့နယ် ထွက်ဝကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဟုမ္မလင်း မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်းခမ်းကျေးရွာအုပ်စု ထွက်ဝကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် ကျေးလက်ဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ထွက်ဝကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ထွက်ဝကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၄ ဒသမ ၄၆၅ သန်းဖြင့် လမ်းအရှည် တစ်မိုင်သုံး ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ ချင်းမြေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ငါးပေစီရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Asia Khitthit ကုမ္ပဏီမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# သနပ်ပင်မြို့နယ် ကသစ်ဝိုင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တိုက်ကြီး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကသစ်ဝိုင်ကျေးရွာအုပ်စု ကသစ်ဝိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကသစ်ဝိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့်ဆောင်ရွက်ခဲ့သည့် ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ကသစ်ဝိုင်ကျေးရွာ၌ အရှည် ၁၃၂၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကသစ်ဝိုင်ကျေးရွာရှိ အိမ်ခြေ ၃၉၀၊ လူဦးရေ ၂၂၂၀ တို့ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# ရပ်စောက်မြို့နယ် ရေဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မားသဲကျေးရွာအုပ်စု ရေဦးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ရေဦးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၄ ဒသမ ၄၅ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀၄ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်ထံမှ သိရသည်။

**မောင်ခိုင်**

# နွေရာသီတွင် တောမီးအန္တရာယ် သတိပြုသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

မတ်လဒုတိယပတ်ခန့်ကတည်းက နေ့အပူချိန်သည် တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ အချို့သောဒေသများတွင် နေ့အပူချိန်သည် ၄၁ ဒီဂရီစင်တီဂရိတ်ထိ ရှိနေပြီဖြစ်သည်။ သစ်ရွက်အားလုံးကြွေကျကုန်သဖြင့် သစ်ပင်များသည် အရိုးပြိုင်းပြိုင်းဖြင့် ခြောက်သွေ့လျက်ရှိသည်။ အစိုဓာတ်ခန်းခြောက်နေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးခြောက်သွေ့လျက်ရှိသည်။ ထိုသို့ နှစ်စဉ်နွေရာသီတွင် ကြုံတွေ့ရတတ်သည့်သဘာဝဘေးတစ်ခုသည် တောမီးအပါအဝင် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ ကျေးရွာကြီးများအပါအဝင် လူနေထူထပ်သောမြို့ကြီးများတွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုများ ကြုံတွေ့ရတတ်သည်။ မီးလောင်မှုအများဆုံးသည် ပေါ့ဆမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။

**တောမီးလောင်ကျွမ်း**

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုများမြင့်တက်လျက်ရှိသည်။ တောမီးလောင်ကျွမ်းမှုသည် နှစ်စဉ် ပိုမိုကြီးမားကျယ်ပြန့်လာလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းတောမီးလောင်ကျွမ်းမှုသည် သစ်တောဧက ၂၂ ဒသမ ၉၈ သန်းခန့် ဆုံးရှုံးမှုရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင်လည်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၁၆ ဒသမ ၃၁ သန်း ဆုံးရှုံးခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကနေဒါနိုင်ငံတစ်နိုင်ငံတည်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၂၂ ဒသမ ၉၈ သန်းခန့် စံချိန်တင် မြင့်တက်ခဲ့သည်။

သမိုင်းတစ်လျှောက်တွင် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနိုင်ငံတို့၌ တောမီးလောင်ကျွမ်းမှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း အပူချိန်စံချိန်တင်မြင့်တက်ခဲ့သောကြောင့် ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှု များစွာဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်တွင် ဂျပန်၊ တောင်ကိုရီးယား၊ မွန်ဂိုလီးယားကဲ့သို့သော အအေးပိုင်းဒေသများ၌ပင်လျှင် တောမီးများလောင်ကျွမ်းလျက်ရှိသည်။ တောမီးလောင်ကျွမ်းမှုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ဖြစ်ပေါ်စေလျက်ရှိသကဲ့သို့ အပူချိန်မြင့်တက်လာမှုကြောင့်လည်း ကမ္ဘာတစ်ဝန်း၌ တောမီးများလောင်ကျွမ်းနေပြီဖြစ်သည်။

**ကမ္ဘာ့အကြီးမားဆုံးတောမီးလောင်ကျွမ်းမှုများ**

ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရာ သစ်တောဧက၊ အဆောက်အအုံများ၊ လူနှင့်တိရစ္ဆာန်များ များစွာသေကျေထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်းများတိုက်ခတ်ခြင်းစသည့် နောက်ဆက်တွဲရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များလည်း ဖြစ်ပေါ်လေ့ရှိသည်။ ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ရသည့် တောမီးလောင်ကျွမ်းမှုအကြီးမားဆုံး ဖြစ်စဉ်များအနက်မှ ၁၀ ကြိမ်ကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါသည်။

**နယူးဆောက်ဝေးတောမီး(၁၉၇၄-၁၉၇၅)**

နယူးဆောက်ဝေးတောမီးသည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးတောမီးကြီးဖြစ်ပြီး သစ်ပင်၊ သစ်တောဧက ၂၈၉ သန်းခန့်သည် တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က ဩစတြေးလျနိုင်ငံ၏ ကုန်းမြေ ၁၅ ရာခိုင်နှုန်းခန့်သည် တောမီးလောင်သွားခဲ့သည်။ တောရိုင်းတိရစ္ဆာန်များလည်း သေကျေထိခိုက်ခဲ့သည်။

**၂၀၁၉-၂၀၂၀ ဩစတြေးလျတောမီး**

၂၀၁၉-၂၀၂၀ ဩစတြေးလျတောမီးကြောင့် အကျယ်အဝန်း ဧကသန်း ၆၀ ခန့်ကို လောင်ကျွမ်းခဲ့သဖြင့် တောရိုင်းတိရစ္ဆာန်နှင့် လူမှုအသိုက်အဝန်းများအပေါ် ဘေးအန္တရာယ်ဆိုးကြီးကျရောက်ခဲ့ပြီး ဩစတြေးလျနိုင်ငံသမိုင်းတွင် ဆုံးရှုံးမှုအများဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ခဲ့သည်။

**၂၀၀၃ ခုနှစ် ရုရှားနိုင်ငံအရှေ့ပိုင်း ဆိုက်ဘေးရီးယားဒေသ Taiga တောမီး**

၂၀၀၃ ခုနှစ်က ရုရှားနိုင်ငံ အရှေ့ပိုင်း ဆိုက်ဘေးရီးယားဒေသ၌ Taiga တောမီးလောင်ကျွမ်းမှုတွင် သစ်တောဧက ၅၅ သန်းကျော်ဆုံးရှုံးခဲ့သည်။ ၎င်းတောမီးသည် ဆိုက်ဘေးရီးယားဒေသတစ်ဝန်း၊ ရုရှားအရှေ့ပိုင်းဒေသ၊ တရုတ်နိုင်ငံမြောက်ပိုင်းနှင့် မွန်ဂိုလီးယားနိုင်ငံမြောက်ပိုင်းဒေသများသို့ ပျံ့နှံ့လောင်ကျွမ်းသွားခဲ့သည်။ တောမီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသောမီးခိုးများသည် ဂျပန်နိုင်ငံ တိုကျိုမြို့ထိရောက်ရှိခဲ့သည်။ ၎င်းမီးခိုးများသည် အိုဇုန်းလွှာပါးလွှာမှုကို ဖြစ်ပေါ်စေလျက်ရှိသည်။

**၂၀၂၁ ခုနှစ် ရုရှားတောမီး**

၂၀၂၁ ခုနှစ်တွင် ရုရှားနိုင်ငံ၌ အကျယ်အဝန်း ဧက ၄၄ ဒသမ ၅ သန်းကျော် တောမီးလောင်ကျွမ်းခဲ့သည်။ ၎င်းတောမီးကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ရာမှ ပူပြင်းခြောက်သွေ့မှုများဖြစ်ပေါ်ခဲ့ပြီး ဆိုက်ဘေးရီးယားတောမီးများ ဆက်လက်လောင်ကျွမ်းခဲ့သည်။

**၁၉၈၇ ခုနှစ် Black Dragon တောမီး**

တရုတ်နိုင်ငံတွင် ၁၉၈၇ ခုနှစ်က Black Dragon တောမီးကြောင့် သစ်တောမြေ ဧက ၁၈ သန်းကျော် လောင်ကျွမ်းခဲ့ရာ လူ ၁၉၁ ဦးသေဆုံးခဲ့ပြီး လူဦးရေ ၁၈၂၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် လူဦးရေ ၃၃၀၀၀ကျော်သည် အိမ်ခြေရာမဲ့ဖြစ်ခဲ့သည်။

**၁၉၈၉ ခုနှစ် မန်နီတိုဘာတောမီး**

၁၉၈၉ ခုနှစ် မေလနှင့် ဩဂုတ်လအတွင်း ကနေဒါနိုင်ငံ မန်နီတိုဘာ၌ တောမီးလောင်ကျွမ်းမှု ၁၁၄၇ ကြိမ်ထိဖြစ်ပွားခဲ့ရာ သစ်တောမြေဧက ၅၅ သန်းခန့် လောင်ကျွမ်းခဲ့သည်။ နေရာ ၃၂ နေရာမှ လူဦးရေ ၂၄၅၀၀ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရသည်။ အထွေထွေကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅၂ သန်းရှိခဲ့သည်။

**၁၉၃၉ ခုနှစ် Black Friday တောမီး**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ ၁၉၃၉ ခုနှစ် Black Friday တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧကငါးသန်းကျော် လောင်ကျွမ်းခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၀၇ ဦးနှင့် တိရစ္ဆာန်များစွာသေဆုံးခဲ့ပြီး အိမ်ခြေ ၇၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့သည်။ မီးခိုးပြာများသည် နယူးဇီလန်နိုင်ငံထိ ပျံ့နှံ့ရောက်ရှိခဲ့သည်။

**၁၉၅၀ ပြည့်နှစ် Chinchaga တောမီး**

၁၉၅၀ ပြည့်နှစ် Chinchaga တောမီးသည် ၁၉၅၀ ပြည့်နှစ်အစောပိုင်းကာလတွင် မြောက်ပိုင်းဗြိတိသျှကိုလံဘီယာနှင့် အယ်ဘတ်တာပြည်နယ်တို့၌ စတင်လောင်ကျွမ်းခဲ့သည်။ ၎င်းတောမီးသည် မြောက်အမေရိကတွင် အကြီးမားဆုံးတောမီးလောင်ကျွမ်းမှုဖြစ်ခဲ့ပြီး သစ်တောဧက ၄ ဒသမ ၂ သန်းခန့် လောင်ကျွမ်းခဲ့သည်။ ထိုစဉ်က ရက်သတ္တတစ်ပတ်ခန့် မီးခိုးငွေ့များဖုံးလွှမ်းနေခဲ့သဖြင့် နေရောင်ကိုပင် မမြင်ခဲ့ရပေ။

**❖ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုကာကွယ်နိုင်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ထားခြင်း၊ ခြောက်သွေ့သည့်နေရာများတွင် မီးစွဲနေသောဆေးလိပ်တိုများစည်းမဲ့ကမ်းမဲ့ပစ်သည့် လုပ်ရပ်မျိုးကိုရှောင်ရှားခြင်း၊ မြက်ခြောက်များ၊ အမှိုက်များမီးရှို့မှုကို ရှောင်ရှားခြင်း၊ မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ တောလိုက်သူများနှင့်တောမီးရှို့သူများကို ပြင်းထန်စွာအရေးယူခြင်း၊ ပညာပေးခြင်းစသည့် ကြိုတင်တားဆီးမှုများ လုပ်ဆောင်သွားရန် လိုအပ်သည်။ လူတစ်ဦးချင်းစီအနေဖြင့်လည်း မီးအသိ၊ မီးသတိရှိသင့်သည်။ ❖**

**၁၉၁၉ ခုနှစ် ကနေဒါ Great Fire**

၁၉၁၉ ခုနှစ် ကနေဒါ Great Fire တောမီးသည် လွန်ခဲ့သောရာစုနှစ်ကျော်က လောင်ကျွမ်းခဲ့သော်လည်း သမိုင်းတွင်ပျက်စီးဆုံးရှုံးမှုအများဆုံးတောမီးအဖြစ် သတိရလျက်ရှိသည်။ ၎င်းတောမီးသည် မေလအစောပိုင်းတွင် ကနေဒါနိုင်ငံရှိ ပြည်နယ်အတော်များများရှိ သစ်တောဧကငါးသန်းကျော် လောင်ကျွမ်းပျက်စီးစေခဲ့သည်။ အဆောက်အအုံများစွာပျက်စီးခဲ့ပြီး လူ ၁၁ ဦး သေဆုံးခဲ့သည်။

**၁၉၁၀ ပြည့်နှစ် Big Burn တောမီး**

၁၉၁၀ ပြည့်နှစ် Big Burn တောမီးသည် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် အကျယ်အဝန်းဧကသုံးသန်းကျော်ကိုလောင်ကျွမ်းစေခဲ့သည်။ အမေရိကန်နိုင်ငံသမိုင်းတွင် အကြီးမားဆုံးတောမီးလောင်ကျွမ်းမှုများအနက်မှ တစ်ခုပင်ဖြစ်သည်။

**နွေရာသီတွင် တောမီးအန္တရာယ်သတိပြုစေလို**

မျက်မှောက်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် လူသားတို့သည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ပိုမိုကြုံတွေ့ခံစားနေကြရသည်။ ခပ်စိပ်စိပ်ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ခြိမ်းခြောက်လာလျက်ရှိသည်။ နှစ်စဉ် မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လျှပ်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းကြီးများရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် သဘာဝဘေးအန္တရာယ်များအပြင် လူသားတို့၏ပေါ့ဆမှုကြောင့် တောမီးအပါအဝင် မီးဘေးအန္တရာယ်များကိုပါ ကြုံတွေ့ခံစားနေကြရသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများအနက်မှ တစ်ခုပင်ဖြစ်သည်။ လက်ရှိအချိန်တွင် အလွန်အမင်းပူပြင်းမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကထက် ငါးဆကျော်မြင့်တက်လာလျက်ရှိပြီး ကမ္ဘာကြီးပူနွေးမှုသည် ဆက်တိုက်မြင့်တက်လျက်ရှိသည်။ ပူပြင်းသောအပူချိန်ကြောင့် သဘာဝပတ်ဝန်းကျင်ခြောက်သွေ့လာပြီး တောမီးလောင်ကျွမ်းမှုပိုမိုဖြစ်ပွားစေလျက်ရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်ကတည်းက တောမီးလောင်ကျွမ်းမှုများကြောင့် နှစ်စဉ် သစ်တောဖုံးလွှမ်းမှုဧရိယာများစွာ ဆုံးရှုံးလျက်ရှိသည်။

အယ်လ်နီညိုဖြစ်စဉ်များကြောင့် ပူပြင်းခြောက်သွေ့မှုပိုမိုဖြစ်ပေါ်ကာ တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သည်။ ထို့ပြင် အပူလှိုင်းကျရောက်မှုများနှင့် ပူပြင်းခြောက်သွေ့မှုများသည် တောမီးလောင်ကျွမ်းမှု ပိုမိုဖြစ်ပွားစေနိုင်သည်။ တောမီးလောင်ကျွမ်းမှုများကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အမှုန်အမွှားများပျံ့နှံ့စေသဖြင့် ကောင်းကင်ပြင်သည် မြူခိုးအမှုန်အမွှားများဖြင့် လွှမ်းမိုးပြီး လေထုအရည်အသွေးကျဆင်းကာ လေထုညစ်ညမ်းမှုကြောင့် သက်ရှိသတ္တဝါများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။

နွေရာသီတွင် တောမီးလောင်ကျွမ်းမှုကာကွယ်နိုင်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ထားခြင်း၊ ခြောက်သွေ့သည့်နေရာများတွင် မီးစွဲနေသောဆေးလိပ်တိုများ စည်းမဲ့ကမ်းမဲ့ပစ်သည့်လုပ်ရပ်မျိုးကို ရှောင်ရှားခြင်း၊ မြက်ခြောက်များ၊ အမှိုက်များမီးရှို့မှုကို ရှောင်ရှားခြင်း၊ မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားခြင်း၊ တောလိုက်သူများနှင့် တောမီးရှို့သူများကို ပြင်းထန်စွာအရေးယူခြင်း၊ ပညာပေးခြင်းစသည့် ကြိုတင်တားဆီးမှုများလုပ်ဆောင်သွားရန် လိုအပ်သည်။ လူတစ်ဦးချင်းစီအနေဖြင့်လည်း မီးအသိ၊ မီးသတိရှိသင့်သည်။

မြန်မာနိုင်ငံတွင် မိုးအကုန်ဆောင်းအကူးအချိန်တွင် ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ် မကြာခဏကြုံတွေ့ရသည်။ အစိုဓာတ်ခန်းခြောက်သည့်အချိန်တွင် နိုင်ငံတစ်ဝန်းကြုံတွေ့ရတတ်သည့် သဘာဝဘေးတစ်ခုသည် မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ တောမီးလောင်ခြင်းများအပါအဝင် ကျေးရွာကြီးများ၊ လူနေထူထပ်သောမြို့ကြီးများတွင် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုများ ကြုံတွေ့ရတတ်သည်။ မီးလောင်မှုအများဆုံးသည် ပေါ့ဆမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် တောမီးလောင်ကျွမ်းမှုအပါအဝင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။

တောမီးလောင်ကျွမ်းမှုကာကွယ်ခြင်းသည် လေထုအရည်အသွေးသန့်စင်စေခြင်း၊ ဂေဟစနစ်ထိန်းသိမ်းထားနိုင်ခြင်း၊ အရင်းအမြစ်များကာကွယ်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ထို့ပြင် သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချစေနိုင်မည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူနှင့်တိရစ္ဆာန်များ ကျန်းမာသက်ရှည်စွာမှီတင်းနေထိုင်နိုင်ရေးအတွက် နွေရာသီတွင် ဖြစ်ပွားတတ်သည့် တောမီးအန္တရာယ်ကို အထူးဂရုပြုစေလိုကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- The Largest Wildfire in World History Burned 15% of a Continent | HowStuffWorks

# အင်္ဂလန်နိုင်ငံ တောင်ပိုင်းဒေသများတွင် မြစ်ရေလျှံတက်မှုကြောင့် အဓိကလမ်းမကြီးတချို့ ယာယီပိတ်ထားရ




**လန်ဒန် မတ် ၂၄**

အင်္ဂလန်နိုင်ငံ တောင်ပိုင်းဒေသများတွင် မတ် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက်မှုကြောင့် မတ် ၂၃ ရက်တွင် အဓိကလမ်းမကြီးတချို့ ရေလွှမ်းနေသဖြင့် ယာယီပိတ်ထားရကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EPA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးကြိုးပစ်မှုများ၊ မိုးသီးကျမှုများထိ ဖြစ်ပေါ်ခဲ့ပြီး ယောက်ခ်ရှိုင်းယား ကောင်တီကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည့် National Highways လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားကြောင်း၊ ဝိုဆတာမြို့အပြင် ဘာမင်ဂမ်မြို့အနီးတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လျက်ရှိသကဲ့သို့ ဝါဝစ်မြို့၊ လန်ဒန်မြို့အနီးတစ်ဝိုက်နှင့် ဘက်ကင်ဟမ်ရှိုင်းယားအနီးတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေကြောင်း EPA က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"အင်္ဂလန်နိုင်ငံ တောင်ပိုင်းဒေသတွေမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မတ် ၂၃ ရက်မှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ဝိုဆတာမြို့မှာတော့ အဓိကလမ်းမကြီးတွေ ရေလွှမ်းနေတဲ့အတွက် ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားပါတယ်။ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားတဲ့ ဧရိယာတွေကို ဖြတ်သန်းသွားလာခြင်းမပြုဖို့ သတိပေးအပ်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီ (EPA)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပွင့်ဖြူမြို့နယ် သစ်တော်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ မတ် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ သစ်တော်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျက မီးခိုးမြူငွေ့အန္တရာယ် အကြောင်း သိကောင်းစရာများ ဆွေးနွေးပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာအသီးသီးက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ သစ်တော်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသား ဦးရေ ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇင်မာ

# မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်

**ဝါရှင်တန် မတ် ၂၄**

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ပေါ့ခ်ကောင်တီအနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် မြောက်ကယ်ရိုလိုင်းနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မတ် ၂၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အလားတူ တောင်ကယ်ရိုလိုင်းနားပြည်နယ် ဘလူးရစ်တောင်အနီးတွင်လည်း တောမီးလောင်ကျွမ်းနေပြီး နေအိမ်များသို့ ကူးစက်လာနိုင်သည့်အတွက် တောင်ကယ်ရိုလိုင်းနားပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ဘလူးရစ်တောင်အနီးရှိ ဒေသများကို တောမီးအန္တရာယ်အရေးပေါ်အဆင့် သတ်မှတ်ကြောင်း၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်နှင့် ဗာဂျီးနီးယားပြည်နယ်တို့ ထိစပ်နေသည့် ဧရိယာတွင် လောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း မြောက်ကယ်ရိုလိုင်းနားပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"တောမီး လောင်ကျွမ်းမှုကြောင့် လမ်းတချို့ကို ယာယီပိတ်ထားပါတယ်။ ဗာဂျီးနီးယားပြည်နယ်နဲ့ ထိစပ်နေတဲ့လမ်းတွေကို အဓိက ပိတ်ထားရပါတယ်။ ပိတ်ထားတဲ့လမ်းတွေကို လုံးဝဖြတ်သန်းသွားလာခြင်းမပြုကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု မြောက်ကယ်ရိုလိုင်းနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နယူးဇီလန်နိုင်ငံ တောင်တာရာနာကီခရိုင်တွင် မိုးရေချိန်နည်းပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ဝယ်လင်တန် မတ် ၂၄**

နယူးဇီလန်နိုင်ငံ တောင်တာရာနာကီခရိုင်တွင် မိုးရေချိန်နည်းပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း Met Service က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်တာရာနာကီခရိုင်တွင် ဖြစ်ပေါ်နေသည့် မိုးခေါင်မှုသည် အဆိုးရွားဆုံးသော မိုးရေချိန်နည်းပါးမှုတစ်ရပ်ဖြစ်ပြီး မိုးရေချိန်မြင့်တက်လာခြင်း မရှိပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုခက်ခဲလာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ Met Service ၏ ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း၌ တောင်တာရာနာကီခရိုင်တွင် ရွာသွန်းခဲ့သည့် မိုးရေချိန်ပမာဏမှာ ၁၂၃ မီလီမီတာသာရှိခဲ့ပြီး မိုးရေချိန်ပမာဏ အနည်းဆုံးဖြစ်ကြောင်း၊ တောင်တာရာနာကီ ခရိုင်တွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်ဒေသများမှာ ဟာဝီရာဒေသနှင့် မာနိုင်အာဒေသတို့ဖြစ်ပြီး အဆိုပါဒေသများသည် မွေးမြူရေးလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်သည့် ဒေသများဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် မိုးခေါင်မှုကြောင့် နွားအကောင်ရေ ၃၂၀ ကျော်ထိ စားကျက်ရှားပါးလာကာ သောက်သုံးရေ အလုံအလောက်မရသေးသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"တောင်တာရာနာကီခရိုင်မှာ ဒီနှစ်အတွင်း မိုးရွာသွန်းမှုနှုန်းက တအားကို နည်းတယ်။ ၁၂၃ မီလီမီတာပဲ ရွာသွန်းခဲ့တာရှိပါတယ်။ နှစ်ပေါင်း ၄၀ အတွင်း မိုးရေချိန် အနိမ့်ဆုံး အခြေအနေဖြစ်နေတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေအတွက် တော်တော်လေးအခက်တွေ့နေတဲ့ အခြေအနေဖြစ်ပါတယ်"ဟု Met Service မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံလေးလုံးပျက်စီး

**ဂျကာတာ မတ် ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် မတ် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံလေးလုံး ပျက်စီးခဲ့ကြောင်း ဘာလီပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက မတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဖြစ်ပေါ်လျက်ရှိသော ဆိုးရွားသည့် ရာသီဥတုဖြစ်စဉ်များကြောင့် ပြည်နယ်အတွင်းရှိ နေရာ ၁၈ နေရာတွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရာ တာဘန်နန်ခရိုင်တွင် ၁၂ နေရာ၊ ကရန်ဂါဆန်ခရိုင်တွင် သုံးနေရာ၊ ဘန်ဒေါင်ခရိုင်တွင် တစ်နေရာ၊ ဒန်ပါဆာမြို့အနီးတွင် နှစ်နေရာတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံလေးလုံး ပြိုကျပျက်စီးခဲ့ကာ ငွေကြေးဆုံးရှုံးမှုအဖြစ် ရူပီး ၂၅၃ သန်းခန့် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များကိုရင်ဆိုင်ရာတွင် အသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ချက်များရှိနေကြောင်း၊ ရာသီဥတုဆိုးရွားမှုအခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် သစ်ပင်များလဲပြိုခြင်းကဲ့သို့ အန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂီဒီတီဂျာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# သီးနှံဖျက်ပိုးများကိုကာကွယ်နှိမ်နင်းနိုင်သော အကျိုးပြုအဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ



စားနပ်ရိက္ခာဖူလုံစွာရရှိပြီး ပြည်ပသို့တင်ပို့နိုင်သည်ထိ သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအတွက် အလွန်ပင်အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည့်အားလျော်စွာ ရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရပေမည်။

အထူးသဖြင့် ဈေးကွက်ထိုးဖောက်မှုအားကောင်းသော ပြည်တွင်းစပါးမျိုးဖြစ်သည့် ပေါ်ဆန်းစပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် လိုအပ်လျက်ရှိသည်။ ပေါ်ဆန်းစပါးမျိုးသည် အခြားစပါးမျိုးများနှင့်စာလျှင် ပိုးကြိုက်သော စပါးမျိုးဖြစ်သည့်အတွက် ဂရုတစိုက်စိုက်ပျိုးရန် လိုအပ်ပေသည်။ စပါးတွင် အဓိကကျရောက်သောဖျက်ပိုးတို့မှာ ဆစ်ပိုး၊ ကြက်သွန်မြိတ်ပိုး၊ ငမြောင်တောင်ပိုး၊ စပါးရွက်လိပ်ပိုး၊ လောင်မီးပိုး၊ ဖြုတ်ပိုး၊ စပါးနံ့ဖြတ်ပိုး၊ စပါးနံ့စုပ်ပိုးနှင့် ဖောင်စီးကဏန်းတို့ဖြစ်သည်ဟု သိရသည်။ ထိုဖျက်ပိုးအင်းဆက်တို့ကို ထိရောက်စွာကာကွယ်နှိမ်နင်းနိုင်မှသာ ပန်းတိုင်အထွက်နှုန်းများ ရရှိမည်ဖြစ်သည်။ ယေဘုယျအားဖြင့် လယ်သမားအများစုသည် ဓာတုဆေးအသုံးပြု၍ အင်းဆက်ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းကြသည်။ သို့ရာတွင် စပါးဘက်စုံရောဂါကာကွယ်နှိမ်နင်းနိုင်သော နည်းလမ်းသည် ရေရှည်တည်တံ့သောစိုက်ပျိုးရေးစနစ်အတွက် နည်းလမ်းကောင်းဖြစ်သည့်အပြင် ကုန်ကျစရိတ်သက်သာစေသည်။ အင်းဆက်ဖျက်ပိုးများကို ခံနိုင်ရည်ရှိသော သက်လျှင်(သက်တမ်းတို)မျိုးများကို စိုက်ပျိုးခြင်း၊ စပါးမဟုတ်သော အခြားသီးနှံနှင့် သီးလှည့်စိုက်ပျိုးခြင်း၊ အင်းဆက်ပိုးမွှားများကို ဆွဲဆောင်နိုင်သော အဝါရောင်ကော်ထောင်ချောက်အသုံးပြုခြင်း (တစ်ဧကလျှင် အခု ၂၀ နှုန်း)၊ ဇီဝသက်ရှိအသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း ဥပမာ-ဖျက်ပိုးကိုကပ်ပါးပြုရောဂါဖြစ်စေနိုင်သော မှိုဘော့ဗျူရီးယား(Beavueria bassiana) ကဲ့သို့သော အကျိုးပြုအဏုဇီဝမှိုစသည်တို့ကိုအသုံးပြုနိုင်သည်။

ပေါ်ဆန်းစပါးတွင် စပါးဆစ်ပိုး၊ ဖြုတ်ပိုး၊ ယင်ဖြူတို့သည် အဓိကကျရောက်ဖျက်ဆီးသည်။ သီးထပ်စိုက်သောရာသီတွင် ပိုကျရောက်သည်။ ကာကွယ်နှိမ်နင်းနည်းအနေဖြင့် ရိုးပြတ်များနှင့် ကောက်ရိုးများကို မီးရှို့ဖျက်ဆီးခြင်း၊ ပင်ပွားချိန်တွင် ဆစ်ပိုးလက္ခဏာဖြစ်သော အူပုပ်(Dead heart) စတင်တွေ့ပါက နှစ်ရက်ခန့်ရေထုတ်ပေးခြင်းဖြင့် ကာကွယ်နိုင်သကဲ့သို့ အထက်ပါ ကာကွယ်နှိမ်နင်းနည်းများကိုလည်း အသုံးပြုနိုင်သည်။ ထို့ပြင် ယင်ဖြူကဲ့သို့ စုပ်စားပိုးများကို ကာကွယ်နှိမ်နင်းမည်ဆိုပါက ဘာတီစီလီယမ်(Verticillium lecanii)ကဲ့သို့ အဏုဇီဝမှိုကိုလည်း အသုံးပြုနိုင်သည်။

စပါးဖျက်ပိုးများကို ကာကွယ်နှိမ်နင်းပေးနိုင်သော ဘော့ဗျူရီးယား၊ ဘာတီစီလီယမ်ကဲ့သို့ အကျိုးပြုအဏုဇီဝသက်ရှိများရှိကြောင်းကို အထက်ပါစာပိုဒ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဖျက်ပိုးအင်းဆက်များကို ကာကွယ်နှိမ်နင်းပေးနိုင်သော အကျိုးပြုအဏုဇီဝသက်ရှိများအကြောင်းကို ပိုမိုသိရှိစေရန် ဆက်လက်၍ဖော်ပြပါမည်။ မြေကြီးထဲတွင် ရှင်သန်နေထိုင်ကြသော အဏုဇီဝသက်ရှိများသည် စိုက်ပျိုးရေးကို လုပ်ကိုင်ဆောင်ရွက်နေသူတို့အတွက် အကျိုးကျေးဇူးများစွာရရှိစေသည်။

အဏုဇီဝသက်ရှိများသည် သာမန်မျက်စိနှင့် မမြင်နိုင်ဘဲ အဏုကြည့်မှန်ပြောင်းဖြင့်ကြည့်မှသာ မြင်နိုင်သော အလွန်သေးငယ်သည့် ဆဲလ်တစ်လုံးတည်းဖြင့်ဖွဲ့စည်းထားသော သို့မဟုတ် ဆဲလ်များစွာဖြင့်ဖွဲ့စည်းထားသော သက်ရှိများပင်ဖြစ်သည်။ ၎င်းသက်ရှိများသည် မြေကြီးထဲတွင်သာမက သမုဒ္ဒရာကြမ်းပြင်မှ လေထုအပေါ်ဘက်ထိ နေရာတိုင်းတွင် ရှင်သန်နေနိုင်ကြသည်။ အဏုဇီဝသက်ရှိများမှာ မှို၊ ဗက်တီးရီးယား၊ အာခီးယား၊ ပရိုတိုဇိုးဝါး၊ အက်တီနိုမိုင်စီ၊ တဆေး၊ ရေညှိ၊ မှော်ပင်နှင့် နီမတုတ်စသည်ဖြင့် အုပ်စုကွဲများစွာရှိနေသည်။ အကျိုးပြုအဏုဇီဝသက်ရှိများ၏ အုပ်စုကွဲတစ်ခုစီတွင် မြေကြီး၏အာဟာရဓာတ်ထိန်းသိမ်းရေး၊ အပင်တို့၏ ကျန်းမာသန်စွမ်းရေးတို့အတွက် အကျိုးပြုပေးနိုင်သည့် အရည်အချင်းများနှင့် အပင်ရောဂါဖြစ်စေသော သက်ရှိများကို ထိန်းချုပ်ကာကွယ်နိုင်သည့် အရည်အချင်းများအစရှိသည့် လုပ်ငန်းဆောင်တာများ သီးသန့်ပိုင်ဆိုင်သည်။ လက်ဖက်စားဇွန်းတစ်ဇွန်းစာခန့် မြေကြီးထဲတွင် အဏုဇီဝသက်ရှိ သန်း ၅၀ ခန့်ပါရှိသည်။

အကျိုးပြုအဏုဇီဝသက်ရှိများသည် အပင်အမြစ်မှ အစာစုပ်ယူမှုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီသည်။ လေထဲမှ အာဟာရဒြပ်စင်များကို ဖမ်းယူပေးရာတွင်လည်း လုပ်ဆောင်ပေးသည်။ အပင်ဇီဝဖြစ်စဉ်များအတွက် မြေကြီးထဲရှိ အာဟာရဒြပ်စင်များကို သယ်ယူပေးသောလုပ်ငန်းများကိုလည်း ပါဝင်လုပ်ဆောင်ပေးသည်။ ထို့ပြင် မြေကြီးထဲရှိ အကြွင်းအကျန်များကို လျင်မြန်စွာခြေဖျက်ပေးသည်။ အပင်မရယူနိုင်သောအာဟာရဒြပ်စင်များကို အပင်ရယူနိုင်သောပုံစံအဖြစ်သို့ ပြောင်းလဲရယူပေးသည်။ အပင်အမြစ်များကိုတိုက်ခိုက်သော ရောဂါဖြစ်စေသည့်သက်ရှိများကို ခုခံကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ပါဝင်လုပ်ဆောင်ပေးသည်။ စပါးပင် အကျိုးပြုအဏုဇီဝသက်ရှိတချို့၏ လုပ်ဆောင်ပုံတို့ကို စာဖတ်သူတို့အနေဖြင့် အောက်ပါအတိုင်း သိရှိနိုင်သည်။

**ဘက်စီးလက်စ်ဗက်တီးရီးယား(Bacillus spp.)**

ဖျက်ပိုးနှိမ်နင်းရာတွင် Bacillus spp.သည် Protein toxin ဟုခေါ်သော အဆိပ်တစ်မျိုးထုတ်ကာ ကိုက်ဖြတ်စားသောက်ဖျက်ဆီးတတ်သော လိပ်ပြာဖလံများ၏ ခူကောင်၊ ပေါက်ဖတ်ကောင်အဆင့်လာရောက်စားမိပါက အစာအိမ်အတွင်းရှိ အူနံရံကို ဖျက်ဆီးကာ သေစေသည်။

❖ အကျိုးပြုအဏုဇီဝသက်ရှိများသည် အပင်အမြစ်မှ အစာစုပ်ယူမှုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီသည်။ လေထဲမှ အာဟာရဒြပ်စင်များကို ဖမ်းယူပေးရာတွင်လည်း လုပ်ဆောင်ပေးသည်။ အပင်ဇီဝဖြစ်စဉ်များအတွက် မြေကြီးထဲရှိ အာဟာရဒြပ်စင်များကို သယ်ယူပေးသောလုပ်ငန်းများကိုလည်း ပါဝင်လုပ်ဆောင်ပေးသည်။ ထို့ပြင် မြေကြီးထဲရှိ အကြွင်းအကျန်များကို လျင်မြန်စွာခြေဖျက်ပေးသည်။ အပင်မရယူနိုင်သောအာဟာရဒြပ်စင်များကို အပင်ရယူနိုင်သောပုံစံအဖြစ်သို့ ပြောင်းလဲရယူပေးသည်။ ❖

**ဘော့ဗျူရီးယားမှိုမျိုးစိတ်(Beavueria bassiana)**

၎င်းအဏုဇီဝ သက်ရှိမှိုတစ်မျိုးသည် တောင်သူကြီးများ၏စိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးမွှားမျိုးစိတ်တော်တော်များများကို ကာကွယ်ထိန်းချုပ်နိုင်သော Entomopathogenic fungi တစ်မျိုးဖြစ်သည်။ Beavueria bassiana မှို၏ မှိုစပိုး (Conidia)သည် အင်းဆက်၏ ခန္ဓာကိုယ်ပေါ်သို့ကပ်ပါစေပြီး ၎င်းမှိုစပိုးမှ မျိုးညှောင့်ထွက်လာကာ အင်းဆက်ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး မှိုမျှင်များက အင်းဆက်၏ခန္ဓာကိုယ်ထဲမှ အစာအာဟာရများကို စုပ်ယူစားသုံးနိုင်သဖြင့် နောက်ဆုံးတွင် အင်းဆက်များသေဆုံးသွားခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံခြားတိုင်းပြည်တချို့တွင် Beavueria bassiana မှိုကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချပြီး စိုက်ခင်းများတွင် အင်းဆက်များကာကွယ်နိုင်သည့် Biopesticide အဖြစ် အသုံးပြုနေကြကြောင်း သိရသည်။

**ဘာတီစီလီရမ်မှိုမျိုးစိတ်(Verticillium lecanii)**

၎င်းအကျိုးပြုမှိုသည်လည်း အင်းဆက်ပိုးမွှားများကို ရောဂါဖြစ်စေနိုင်သောမှို (Entomopathogenic fungi) တစ်မျိုးဖြစ်သည်။ စုပ်စားပိုးများဖြစ်သော ယင်ဖြူ၊ ဖြုတ်နှင့် လှေးများ၏ ခန္ဓာကိုယ်ထဲသို့ မှိုမျှင်များဖြင့် ထိုးဖောက်ဝင်ရောက်ကာ စုပ်စားပိုးကောင်များ၏အစာများကိုရယူသည်။ ထို့နောက် စုပ်စားပိုးကောင်များ၏ခန္ဓာကိုယ်ထဲတွင် မှိုမျှင်များနှင့် ပြည့်နေစေခြင်းအားဖြင့် တိုက်ရိုက်ကပ်ပါးပြုတိုက်ခိုက်ကြသည်။

နိဂုံးချုပ်အနေဖြင့် အကျိုးပြုအဏုဇီဝသက်ရှိများသည် စပါးစိုက်တောင်သူများအတွက်သာမက စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်နေကြသူတိုင်းအတွက် အလွန်တန်ဖိုးရှိသော သက်ရှိများဖြစ်ကြပေသည်။ အပင်ကြီးထွားဖွံ့ဖြိုးရန်သာမက အပင်ကိုဖျက်ဆီးမည့် အင်းဆက်ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းနိုင်သည်ထိ ဆောင်ရွက်ပေးနိုင်ကြပေသည်။ ယနေ့စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများသည် ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းအားဆေးများ အလွန်အကျွံသုံးစွဲလာမှုကြောင့် မြေကြီးနှင့်အပင်ဂေဟစနစ်တို့ ထိခိုက်ပျက်စီးလာနေသည်။ သဘာဝအတိုင်းသာ မပျက်စီးဘဲရှိနေမည်ဆိုပါက အကျိုးပြုအဏုဇီဝသက်ရှိနှင့် ဖျက်ပိုးဂေဟစနစ်သည် မျှခြေတွင်ရှိနေကြသည်။ ထို့ကြောင့် စာဖတ်သူတို့အနေဖြင့် အဏုဇီဝသက်ရှိများ၏အခန်းကဏ္ဍကို မေ့မထားဘဲ အကျိုးရှိရှိအသုံးချတတ်စေရန်နှင့် ဓာတုပစ္စည်းများ လျှော့သုံးရန်အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- စပါးတွင်ကျရောက်တတ်သောပိုးမွှားများ
- အပင်အဏုဇီဝသုတေသနစာတမ်း ဒေါက်တာမော်မော်သန်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မွှေး(YAU)

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန







## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၀၃)၊ စံပြရပ်နေ ဦးအောင်မင်းငြိမ်း + ဒေါ်လင်းတို့၏သား မောင်တိုးတက်ချမ်းသာအောင် (ခ) မောင်တိုးနိုင်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်တိုးတက်ချမ်းသာအောင် (ခ) မောင်တိုးနိုင်အောင်
(၉/မဟမ(နိုင်)၀၇၄၆၈၂)

## မိခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်နေ ဦးဟန်ဝင်း၏သား မောင်ကောင်းခန့်နိုင်(၉/မဟမ(နိုင်)၀၇၄၉၇၆)၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ယုယုလှိုင်ဖြစ်ပါကြောင်း။ ဒေါ်ယုယုလှိုင်(၉/မရတ(နိုင်)၁၁၇၄၅၇)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၁)၊ ကောက်ရိုးပုံ Wကွင်း၊ ဦးပိုင်အမှတ်(၂၇/၈)၊ ဧရိယာ(၂.၃၇)ဧက အကျယ်အဝန်းရှိ လယ်မြေနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) အမည်ပေါက်သူ ဦးအောင်ကျော်မင်း(၉/ခအဇ(နိုင်)၀၃၇၄၅၁)က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကတ်ပြားမူရင်းနှင့် မြေစာရင်းပုံစံ(၁၀၅)မူရင်းတို့မှာ ၎င်း၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မိတ္တူမှန်အားထုတ်ပေးနိုင်ပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် ဤကြေညာပါသည့်နေ့ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စဉ့်ကိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင်(၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

**Long Style (09-2053849)**

(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

### ပျောက်ဆုံးကြောင်း

ဘိုကလေးမြို့နယ်၊ စက်ဆန်းကျေးရွာနေ မတင်ဇာမိုးသူ (ဘ) ဦးတင်ကြိုင်(၁၄/ဘကလ(နိုင်)၁၆၁၂၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၁၀၄၆၆၈၈

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၁၆

# နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၄**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင် ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် စစ်ကြောင်းခုနစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်များအတိုင်း

စာမျက်နှာ ၂၀ ကော်လံ ၁ ☆